
စိတ်ကူးချိုချိုအနုပညာ

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ

# (၅)



mgyoe.com

mgyoe.com

ကြူမွှေး၊

စောဦး၊ ဗိုလ်ဗကို၊

သိပ္ပံစိုးလှ။ မောင်သော်က၊

ကုသ၊ ကြစ်ကလေး၊

ဇင်အောင်။ မိုးဟိန်း၊

အောင်မြင့်၊

သော်တာဆွေ၊

သာကဒိုး တို့၏

ဟာသနှင့်

အသောအထေ့

ဝတ္ထုကောင်းလေးများ

စုစည်းမှု

၅ အုပ်မြောက်



kls0066
2000.00 Ks
mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - ကိုရွှေထူး
၂၀၁၄၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၈၉၁.၀၃

အောက်မေ့ဖွယ်ဟာသဝတ္ထုများ(၅)
ကြုံမွေး နှင့် အခြား - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၂၃၈ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ
(၁) အောက်မေ့ဖွယ်ဟာသဝတ္ထုများ(၅)

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ(၅)

ကြူမွေး၊ စောဦး၊ ဗိုလ်ဗကို၊
သိပ္ပံစိုးလှ၊ မောင်သော်က၊
ကုသ၊ ကြပ်ကလေး၊
ဇင်အောင်၊ မိုးဟိန်း၊
အောင်မြင်၊ သော်တာဆွေ၊
သာကဒိုး

[illegible]

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | တွေ့ကြပြီဆိုမှဖြင့်ကွယ် | ကြူမွေး | ၁ |
| ၂။ | ဂုတ်မှာပြတယ်ဆရာရေ့ | စောဦး | ၄၁ |
| ၃။ | စံရှားဘထူး | ဗိုလ်ဗကို | ၆၃ |
| ၄။ | ကြက်တစ်ကောင်တစ်ရာ | သိပ္ပံမိုးလှ | ၈၂ |
| ၅။ | ဘီယာပုလင်း–ခင်မောင်ပြုံး | မောင်သော်က | ၉၂ |
| ၆။ | ပထမဆုံးရုပ်ရှင် | ကုသ | ၉၈ |
| ၇။ | စွန့်စားသူတစ်ဦး၏မှတ်တမ်း | ကြပ်ကဲလေး | ၁၀၆ |
| ၈။ | လည်ခြင်း၏အဆုံး | ဇင်အောင် | ၁၃၂ |
| ၉။ | ဒွေးချိုးလေးတိုး | မိုးဟိန်း | ၁၇၃ |
| ၁၀။ | လေယာဉ်ပျံနှင့် ပဒကုသလ | အောင်မြင် | ၁၉၀ |
| ၁၁။ | ဈေးခေါ်အာဏာတည် | သော်တာဆွေ | ၂၀၄ |
| ၁၂။ | ပျော်မလားဆရာ | သာကဒိုး | ၂၁၅ |


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# တွေ့ကြပြီဆိုမှဖြင့်ကွယ်

ကြူမွေး

(၁)

အေးကျော်သည် "မြန်မာ့အောင်လံ" သတင်းစာတိုက်မှ အယ်ဒီတာပေါက်စကလေး တစ်ဦးဖြစ်၏။

အယ်ဒီတာဆို၍ တခြား တခြားသော အယ်ဒီတာကြီးများကဲ့သို့ ဣန္ဒြေကြီး တစ်ခွဲသားနှင့် ခပ်တည်တည်ကြီးနေသောသူမဟုတ် "ပျော်ပျော်နေသေခဲ့သည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဟေးလားဟားလားနှင့်သာ ပျော်ပျော်ပါးပါး နေထိုင်သောသူ ဖြစ်လေသည်။

သူ့အနေနှင့် အယ်ဒီတာအလုပ်ကို ဝါသနာပါ၍သာ လုပ်နေခြင်းဖြစ်သည်။ ရသည့် လခကတော့ သူ့အဖို့ လုံးဝလုံလောက်ခြင်း မရှိပေ။ လစဉ် လတိုင်း မန္တလေးမြို့ရှိ မိဘများက သူ့အား ထောက်ပံ့နေရလေသည်။ သူ၏မိဘများမှာ မန္တလေးမြို့တွင် ကိုယ်ပိုင် ရက်ကန်းစင်ကြီးများ မြောက်မြားစွာ ထောင်၍ အထည်ဆိုင်ကြီး ဖွင့်ထားလေသည်။

တကယ်ဆိုတော့ အေးကျော်အနေနှင့် မည်သည့် အလုပ်မျှ မလုပ်ဘဲ သူ့မိဘလုပ်စာကို ထိုင်စားမည်ဆိုလျှင်လည်း အေးအေးလူလူ ထိုင်စားနေနိုင်သူဖြစ်လေသည်။

သို့သော်... သို့သော် ... သူမှာ ဘဝကဝိပါကဝဋ္ဋ မကင်းရှာသဖြင့် မြို့မဟာ ရန်ကုန်ကြီးတွင် အဆင်းရဲခံ ဒုက္ခခံ၍ အယ်ဒီတာ ပေါက်စဘဝဖြင့်

mgyoe.com

mgyoe.com

လာရောက်လုပ်ကိုင်နေရခြင်း ဖြစ်လေသည်။

သူသည် ရေကျော်ထဲတွင်ရှိ အိမ်တစ်အိမ်တွင် တစ်လငါးဆယ်နှင့် ထမင်းလခပေး၍ နေထိုင်လေသည်။

တစ်နေ့သော ညနေတွင် လဟာပြင်ဘက်သို့ လျှောက်လာခဲ့ပြီးနောက် တရုတ်ထမင်းဆိုင်တစ်ဆိုင်တွင် ညနေစာကို မှာယူစားသောက်ခဲ့လေသည်။

အချိန်မှာ ညနေရုံးဆင်းချိန်ဖြစ်သဖြင့် သူ့လိုပင် ထမင်းလာ၍ စားကြသူများနှင့် အိမ်အပြန်အိမ်ရှင်မများအတွက် အခေါက်ကင်၊ ဘဲကင်စသည်တို့ကို ဝင်ဝယ်ကြသူများတို့ဖြင့် သူစားနေသော ဆိုင်မှာ စည်ကား၍ နေလေသည်။ လဟာပြင်တွင် တရုတ်ထမင်းဆိုင်များရှိကြသည့်အနက် သူဝင်စားသော ကြက်ဥနို့အေးဆိုင် ရှေ့ရှိ တရုတ်ထမင်းဆိုင်မှာ နာမည်ကလည်းကြီး ကောင်းလည်း ကောင်းလှသဖြင့် တခြားဆိုင်များထက် လူပိုမို၍ စည်းကားနေသည်။ လူစည်ကားလှသဖြင့် သူတောင်းစားအထီး၊အမပေါက်စနကလေးတွေမှာလည်း ထမင်းကျန်၊ဟင်းကျန်များကိုလည်းကောင်း၊ အသပြာငါးပြားကိုလည်းကောင်း၊ ပေးရန်တောင်းခံသည့်အသံတွေကလည်း ဆူညံလှတော့၏။

အေးကျော်မှာ ထိုဆိုင်သို့လာ၍ ထမင်းလာစားတိုင်း သူ၏ ဟင်းကြွင်း ဟင်းကျန်များကို သူတောင်းစားများအား စွန့်ကြဲပစ်လေ့ရှိ၏။

ယခုလည်း သူ့တွင် ဟင်းတွေမှာ ပိုမိုနေသဖြင့် သူတောင်းစားများအား စွန့်ကြဲပစ်ရန် သူတောင်းစားများကို လိုက်လံကြည့်ရှုနေလေသည်။

သူထိုင်၍ စားသောက်နေသော ခုံနေရာမှာ ဟင်းခွက်များနှင့် အခေါက်ကင်၊ အသားကင်တို့ထားရှိသော ခုံများအနီးတွင် ဖြစ်လေသည်။

သူသည် စားသောက်၍ ပိုလျှံကာနေသော ဟင်းများအား သူတောင်းစားတို့ကို စွန့်ကြဲရန်အတွက် ပတ်ဝန်းကျင်ကို မျက်စိကစားနေစဉ် သူ့အနီးသို့ ခြောက်နှစ်ရွယ်ခန့်ရှိ အဝတ်အစား ညစ်ပေပေနှင့် ချာတိတ်ကလေးတစ်ဦးမှာ လက်ဖက်ရည်ချိုင့်တစ်ခုကို ကိုင်ရင်း ရပ်နေသည်ကို မြင်လိုက်ရလေသည်။

ထို့ကြောင့် အေးကျော်သည် စေတနာ ပရလပ္ပဖြင့် ထိုကလေးလက်

mgyoe.com

mgyoe.com
ထဲမှ ချိုင့်ကို မပြောမဆိုနှင့် ဆွဲယူလိုက်ပြီးနောက် သူစား၍ ကျန်ရှိနေသော အခေါက်ကင်များနှင့် တခြားစားစရာတွေကို အကုန်လုံး သွန်မှောက်၍ ထည့်ပေးလိုက်စဉ် ...

"ဟင်... ဟင်... ဒါ... ဒါ... ဒါက ဘာလုပ်တာလဲရှင့်..."

ဒေါသသံဖြင့် သူ၏ကျောဘက်ဆီမှာ ပြောလိုက်သော မိန်းမသံ တစ်သံကြောင့် အေးကျော်မှာ လှည့်၍ကြည့်လိုက်ရာ တစ်ခါက သူနှင့် ဘုကျခဲ့ဖူးသော လှပျိုဖြူကလေးဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"ကျုပ်စားလို့မကုန်တဲ့ ဟင်းတွေကို ထည့်ပေးတာလေ ... အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ..."

အေးကျော်က ပမာမခန့်နှင့် လှပျိုဖြူအား ပြန်ပြောလိုက်လေသည်။ ပတ်ဝန်းကျင်တွင် စားသောက်နေကြသူများနှင့် ဆိုင်မှ တရုတ်များမှာ သူတို့နှစ်ဦးအား ငေး၍ ကြည့်ရှုနေကြလေသည်။

"ဆိုင်လို့ပြောတာပေါ့ရှင့် ... ဒီချိုင့်ဟာ ကျွန်မရဲ့ ချိုင့် ... ဒီဆိုင်မှာ ဘဲပေါင်းဟင်းချိုလာပြီး ဝယ်တာကို ရှင်က ဘာထင်ပြီး ရှင့်ဟင်းတွေ ထည့်လိုက်ရတာလဲ..."

မိန်းမပျိုက ခပ်ဆတ်ဆတ်ကလေး ပြန်၍ ရန်တွေ့ကာ ပြောလိုက်မှ အေးကျော်မှာလည်း အဖြစ်မှန်ကို ရိပ်မိ၍ သွားလေတော့သည်။

"အယ် ... သိပါဘူး ... ကျုပ်က သူတောင်းစားချိုင့်မှတ်လို့"

"ဘာ ... ဘာ ... ဘာပြောတယ်ရှင် ... ရှင်က လူကို သူတောင်းစားလို့ ဆိုလိုက်တာပေါ့လေ ... ဟုတ်လား"

မိန်းမပျိုက အသားများ ဆတ်ဆတ်တုန်မတတ်ဒေါသဖြစ်ကာ အေးကျော်အား မေးလိုက်လေသည်။

"အလိုလေးဗျာ... ကျုပ်က သူတောင်းစားပါလို့ ခင်ဗျားကို ဘယ်မှာ ပြောရသေးလို့လည်း စကားကို ကိုယ်လိုရာဆွဲပြီး မကောက်ပါနဲ့"

အေးကျော်က နှုတ်ခမ်းကြီးကို မဲ့ကာ ရွဲ့ကာနှင့် ပြန်ပြောလိုက်လေသည်။

"ကိုယ်လိုရာကို ဆွဲကောက်ပြီး ပြောတာမဟုတ်ဘူး၊ ရှင်ပြောတာက ဒီသဘောပဲရောက်တာမဟုတ်လား"
mgyoe.com

mgyoe.com

"ဟာ ... ဒါကတော့ ခင်ဗျားက သက်သက်မဲ့ ကျုပ်အပေါ် အထအန ကောက်ပြီးပြောတာပဲ၊ ကျုပ်ကတော့ ခင်ဗျားချိုင့်ကို သူတောင်းစားချိုင့်မှတ်ပြီး ထည့်မိတာ အမှန်ပဲ။ ပြီးတော့ ဒီကလေးရဲ့ အဝတ်အစားကိုလည်း ကြည့်ဦးလေ တစ်ကိုယ်လုံး ပေကျံပြီးနေတော့ ကျုပ်စိတ်ထဲမှာ သူတောင်းစားလေးလို့ ထင်ပြီး အခုလိုပြုမိတာပဲ"

"ကြည့်စမ်း ရှင်ဟာ ပြောလေကဲလေပဲ၊ ဒီကလေးရုပ်ကိုများ သေသေချာချာ ကြည့်စမ်းပါဦး... သူတောင်းစားရုပ်လားလို့ဆိုတာ သူ့အဝတ်အစားပေရေနေတာက သူကစားနေတုန်း ကျွန်မက အဖော်ခေါ်လာလို့ရှင့်၊ သူများသားသမီးကို ချိုးချိုးဖွဲ့ဖွဲ့ မပြောပါနဲ့။

"ဒီလိုမပြောစေချင်ရင် အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ပေးပြီးမှ ခေါ်ပေါ့ဗျ၊ ခုတော့ ခင်ဗျားသားရဲ့ အဝတ်အစားက"

"ဘာ ... ဘာ ခင်ဗျားရဲ့ သားလည်း ကျွန်မက အပျိုရှင့် အပျို၊ ဒါ ကျွန်မသားမဟုတ်ဘူး၊ အိမ်နားက ကလေးရှင့် သောက်ရမ်းမပြောနဲ့"

အေးကျော်က အပျိုမှန်းသိလျက်နှင့် မိန်းမပျိုအား တမင်ရွဲ့၍ ပြောခြင်းဖြစ်၏။ ထိုစဉ် လူတစ်ယောက်မှာ ထမင်းစားနေရာမှ ထလာပြီးနောက် သူတို့နှစ်ဦးအား

"ကဲပါဗျာ... တော်ကြပါတော့၊ တစ်ဦးနဲ့ တစ်ဦး မတော်တဆ မှားပြီးဖြစ်ရတဲ့ဥစ္စာ ရန်ဖြစ်မနေကြပါနဲ့တော့" ထိုသူက ဝင်၍ ဖျန်ဖြေလိုက်လျှင် မိန်းမပျိုက...

"မဟုတ်ဘူးရှင့် ... ရှင်က သူ့အကြောင်း မသိလို့ အခုလိုဝင်ပြောနေတာ၊ သူဟာ ကျွန်မကို အခုတစ်ခါသာ မဟုတ်ဘူး။ အရင်တစ်ခါ မုန့်ဟင်းခါးဆိုင်မှာ တွေ့တုန်းကလည်း ဒီလိုပဲ လူကို အကြောင်ရိုက်ပြီးပြီ... အခုလည်း သူတမင်တကာလုပ်တာပဲ"

မိန်းမပျို၏ စကားအဆုံးတွင် အေးကျော်က တစ်ချက်ရယ်မောလိုက်ပြီးနောက်...

"ဟိုတစ်ခါက မှန်ပေမဲ့ အခုတစ်ခါတော့ တမင်လုပ်တာ မဟုတ်ပါဘူးဗျာ... သဘောရိုးနဲ့ မှားတာပါ ဆောရီးပဲဗျာ"

"ဘာဆောရီးလဲ ရှင်ဆောရီးဆိုတိုင်း ပြီးရမှာလား"

mgyoe.com

mgyoe.com


"အလို... မပြီးလို့ ခင်ဗျားက တရားလွှတ်တော်ထိအောင် တက်ချင်သေးလို့လား... တကတည်းဗျာ ... ဝက်ခေါက်ကင်လေး ချိုင့်ထဲ မှားထည့်မိတာကို ဖြစ်နေလိုက်ရတာ ရေနဲ့ဆေးပစ်လိုက်ရင် ပြီးတာပဲဟာ"

"မပြီးနိုင်ဘူးရှင့်... မပြီးနိုင်ဘူး... ကျွန်မက ဝက်သားစားတာမဟုတ်ဘူး"

"အော်... လက်စသတ်တော့ ခင်ဗျားက ဗမာမဟုတ်ဘဲကိုး... ဗမာမွတ်စလင်မကြီးပါလား..."

"ဘာရှင့်... ရှင်က လူကို မျိုးမစစ်လို့ စကားလုံးလုလှနဲ့ ဆဲလိုက်တာလား.... ဗမာမှ ဗမာအစစ်ရှင့် ရှင့်ထက်တောင် စစ်သေးတယ်"

"သိပါဘူး... ကျုပ်က ဝက်သားမစားဘူးဆိုလို့ ပြောရတာပါ။ အင်း... ဗမာဖြစ်ရက်သားနဲ့ ဝက်သားကို ဒီလောက်တောင် ကြောက်နေပုံရရင် ခင်ဗျားဟာ ပူးနောင်ချပ်ချိန်း နတ်ရူးတစ်ယောက်ဖြစ်ရမယ် ဟုတ်တယ် မဟုတ်လား..."

အေးကျော်က စုံထောက် ဦးစံရှားလေသံမျိုးဖြင့် ပြောလိုက်လေသည်။

"ရှင်နော်... လူကို မဟုတ်တာတွေ လျှောက်ပြီး ပြောမနေနဲ့၊ ကျွန်မတို့ဟာ မျိုးနဲ့ရိုးနဲ့ နတ်ကို ကိုးကွယ်တာ မဟုတ်ဘူးသိရဲ့လား"

"ဗျာ... ဒီလိုဆို ခင်ဗျားရဲ့ ခွက်ထဲ... အဲလေ... ချိုင့်ထဲကို ဝက်သားလေး မတော်တဆထည့်မိရုံနဲ့ ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသဖြစ်နေရတာလဲ၊ ဘာကြောင့် ဝက်သားကို ဒီလောက်တောင် ရွံနေရတာလဲ ပြောစမ်းပါဦး"

"အကြောင်းရှိလို့ ရွံတာပေါ့ရှင့် ... ဝက်သားလောက်ရွံစရာကောင်းတာရှိသေးသလား"

"အဲတာတော့ ခင်ဗျားမှားပြီ ... ဝက်သားလောက် အရသာရှိတာ အသားထဲမှာ ဘယ်ရှိမလဲ"

"ဟုတ်တယ် ... အစကတော့ ကျွန်မလည်း ရှင့်လိုပဲ ထင်ခဲ့မိတာပေါ့ ... ဒါပေမဲ့ ဂျပန်ခေတ်က တောကိုအပြေးမှာ ဝက်သားနဲ့ ကျွန်မဟာ အဆက်ပြတ်သွားတယ်..."

mgyoe.com

"အလို... ဘာကြောင့်လဲဗျာ ..."

"ဘာကြောင့်ရမှာလဲ... ရှင်အခု ကြိုက်လှပါတယ်... အရသာရှိလှပါတယ်ဆိုတဲ့ ဝက်တွေဟာ ချေးတွေစားတာ မြင်ခဲ့လို့ရှင့်... ချေးစားတာ မြင်ခဲ့လို့ သိပြီလား..."

မိန်းမပျို၏စကားအဆုံးတွင် အနီး၌ ဝက်ခြေထောက်စွပ်ပြုတ်ကို အားရပါးရစားသောက်နေသော မိန်းမကြီးမှာ မိန်းမပျိုပြောလိုက်သော စကားကြောင့် ရင်ထဲတွင် ပျို့တက်၍လာပြီး "ဝေါ့" ကနဲ ထိုး၍ အန်ချလိုက်လေသည်။ အေးကျော်မှာ ထိုမိန်းမကြီး၏ အန်ဖတ်တွေ သူ၏လုံချည်ပေါ်သို့ ကျရောက်ကုန်မည်စိုးသဖြင့် နောက်သို့ လျင်မြန်စွာလှည့်၍ ဆုတ်လိုက်ရာ လမ်းလျှောက်ကာလာသော လူတစ်ယောက်အား ခြေနှင့် လှမ်းထိုးလိုက်သလို ဖြစ်သွားသဖြင့် ထိုလူမှာ ရှေ့သို့ ဝမ်းလျားထိုး လဲကျသွားလေတော့၏။

မိန်းမပျိုကတော့ စကားအဆုံးတွင် ချိုင့်ကိုပင် မယူတော့ဘဲ သူခေါ်လာသော ချာတိတ်ကလေး၏ လက်ကိုဆွဲကာ ထိုဆိုင်မှ ချာကနဲလှည့်၍ ထွက်သွားခဲ့လေသည်။

"ဟေ့လူ... ကျုပ်လမ်းလျှောက်လာတာကို ဘယ့်နှယ်ကြောင့် ခင်ဗျားက ခြေနဲ့လှမ်းထိုးရတာလဲ၊ ကျုပ်ကို သက်သက်မဲ့ ရန်စတာလား"

လဲကျ၍ သွားသောသူက လဲကျရာမှ ထလာပြီး အေးကျော်အား ဒေါသနှင့် မေးလိုက်လေလျှင် အေးကျော် အလွန်အားနာစွာနှင့် ...

"ဟာ... စိတ်... စိတ် ...စိတ်မဆိုးပါနဲ့ နောင်ကြီးရယ်... မတော်လို့ပါခင်ဗျား... ရန်စတာ မဟုတ်ပါဘူး။ ဟောဒီက ဒေါ်ဒေါ် ထမင်းစားနေရာက ထိုးအန်လိုက်တဲ့အတွက် ကျွန်တော်က အရှောင်လိုက်မှာ အခုလို ဖြစ်ရတာပါ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ..."

ပျာပျာသလဲ အေးကျော်က တောင်းပန်မှ ထိုလူမှာ ကျေနပ်သွားပြီး ရှေ့သို့ဆက်၍ ထွက်ခွာသွားလေသည်။

မိန်းမကြီးမှာတော့ တဝေါ့ဝေါ့နှင့် အန်နေဆဲပင်။ အန်၍ အားရမှ အေးကျော့်အား မကျေမနပ်နှင့် လှမ်း၍ ကြည့်လိုက်ပြီးနောက် ...

"မင်းတို့ ဟာတွေက ဘယ်လို ဟာတွေလဲကွဲ့... သူများတကာတွေ စားသောက်နေကြတဲ့နေရာမှာ ချေးစားသလေး... ဘာလေးနဲ့ အလိုက်

mgyoe.com

mgyoe.com

မသိ အားမနာပြောတာ ကောင်းသလား ... ရန်ဖြစ်ရင် ကိုယ့်ဘာသာကိုယ့် ဖြစ်ကြတာ မဟုတ်ဘူး... အခုတော့ ... ငါ့မှာလည်း အစားအသောက်ပျက်ပြီး လူမြင်မကောင်းအောင် အနိုလိုက်ရတယ် ... ဒီလိုအနိုတော့ ဒီပြင်စားသောက်နေကြတဲ့ လူတွေအတွက်လည်း ကောင်းနိုင်ပါဦးမလား... ဘယ်လောက် အားနာဖို့ကောင်းသလဲ"

မိန်းမကြီးမှာ တဖျစ်တောက်တောက်နှင့် အေးကျော်အား ရန်တွေ့နေလေသည်။

"စိတ်မရှိပါနဲ့ ... ဒေါ်ဒေါ်ရယ် ... အခုဟာကလည်း ကျွန်တော်က ပြောတာ မဟုတ်ပါဘူး ... ဟို ... ဟာမက ပြောသွားတာပါ"

အေးကျော်မှာ အားနာသည့်မျက်နှာနှင့် တောင်းပန်လိုက်ပြီးနောက် ထိုဆိုင်မှ ထွက်ခဲ့လေသည်။

ဤကား အေးကျော်နှင့် မိန်းမပျိုတို့ ဆုံတွေ့ကြတိုင်း ဘုကျခဲ့ကြသော ဒုတိယမြောက် အချိန်ပင် ဖြစ်လေသည်။

ပထမမြောက် ဘုကျခဲ့ကြရသည့် အကြောင်းကား ဤသို့တည်း။

(၂)

အေးကျော် နေထိုင်သော ရေကျော်လမ်းထိပ်တွင် လမ်းဘေး မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ရှိလေသည်။ ထိုဆိုင်မှာ နံနက်ပိုင်းတွင်သာ ရောင်းချလေ့ရှိ၏။ ဆိုင်ရှင်မှာ အသက် ငါးဆယ်နီးပါးခန့်ရှိ မိန်းမဝဝကြီးဖြစ်လေသည်။

အေးကျော်မှာ အညာသားပီပီ မုန့်ဟင်းခါးကို အလွန်ကြိုက်သူဖြစ်၏။ သူသည် မနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် မုန့်ဟင်းခါးကို အနည်းဆုံး နှစ်ပန်းကန်ပြားလောက်တော့ စားရမှနေနိုင်သည်။ မုန့်ဟင်းခါး စားပြီးနောက် ကိုအေး လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ကို ဝင်သောက်လေ့ရှိ၏။ ထိုကဲ့သို့ မုန့်ဟင်းခါးနှင့် လက်ဖက်ရည်ကို သောက်စားပြီးမှ သူ၏အလုပ်တိုက်သို့ သွားခဲ့လေသည်။

သူ ထိုကဲ့သို့ နေ့စဉ်နှင့်အမျှ စားသောက်နေသဖြင့် ကြာတော့ မုန့်ဟင်းခါးရောင်းသူ မိန်မကြီးနှင့်လည်းကောင်း၊ လက်ဖက်ရည်ဆိုင်ရှင်

mgyoe.com

mgyoe.com
ကိုအေးနှင့်လည်းကောင်း အလွန်ခင်မင်၍ နေလေတော့၏။

တစ်နေ့သော နံနက် ၇ နာရီခန့်တွင် သူသည် သူ့ထံသို့ လာရောက်၍ လည်ပတ်သော သူငယ်ချင်းနှစ်ဦးနှင့်အတူ ထိုမုန့်ဟင်းခါးဆိုင်သို့ ထွက်လာခဲ့လေသည်။

သူစားသောက်လေ့ရှိသော မုန့်ဟင်းခါးဆိုင်မှာ တခြားဆိုင်များနှင့် မတူဘဲ ကောင်းလည်းကောင်း၊ သန့်လည်းသန့်ရှင်းလှသဖြင့် ရေကျော်တစ်ဝိုက်တွင် အထူးနာမည်ကျော်ကြားနေခြင်း ဖြစ်လေသည်။

ထို့ကြောင့် သူသည် အလည်အပတ်ရောက်ရှိလာသော သူငယ်ချင်းများအား မုန့်ဟင်းခါး ကောင်းကောင်းကျွေးလိုသဖြင့် မုန့်ဟင်းခါးဆိုင်သို့ ခေါ်လာခဲ့ခြင်းဖြစ်၏။

ထိုစဉ်က သူ့မှာ အပေါ်အင်္ကျီပါမလာဘဲ စွပ်ကျယ် အင်္ကျီ လက်ပြတ်နှင့် မုန့်ဟင်းခါးဆိုင်သို့ လိုက်ပါလာခဲ့လေသည်။

မုန့်ဟင်းခါးဆိုင်သို့ရောက်လျှင် သူတို့သုံးဦးသည် မုန့်ဟင်းခါးကို မှာယူ၍ စားသောက်နေကြစဉ် မုန့်ဟင်းခါးရောင်းသူ မိန်းမကြီးက အေးကျော်အား...

"မောင်အေးကျော်ရေ... ဆိုင်မှာ လူပါးတုန်း အဒေါ်အိမ်ခဏ ပြန်လိုက်ချင်လို့ ငါ့တူပဲ ဆိုင်မှာ ခဏနေလိုက်ပါဦးကွယ်"

မိန်းမကြီးမှာ အေးကျော်အား လူရင်းဖြစ်နေသဖြင့် အကူအညီ တောင်းလိုက်လေသည်။

"ဘာကိစ္စတွေများရှိလို့လည်း ဒေါ်ဒေါ်ရဲ့ ကြာကြာတော့ မနေနဲ့နော်"

"အေးပါကွာ အလွန်ကြာလှ ဆယ်မိနစ်ပါပဲ၊ အဒေါ်ယောကျ်ား ညက အတော်မမာနေလို့ အဒေါ်အရင်က ဆိုင်မှာ အဖော်ခေါ်ထားတဲ့ တူကလေးကို အိမ်မှာထားပစ်ခဲ့ရတယ်။ အဲဒါရောဂါ အခြေအနေ ဘယ်လို လဲဆိုတာ သိချင်လို့ပါ မသက်သာရင်လည်း ဆေးရုံပို့တန်ပို့ရမယ် ဒီကနေ့ ဆိုင်တောင်မထွက်ဘူးလို့ထားတာ ဟင်းရည်တွေက လုပ်ပြီးနေလို့"

"ဟာ... ဒီလိုဆို စိတ်ချလက်ချသာ သွားပေတော့ ဒေါ်ဒေါ် ကျွန်တော် စောင့်နေပါ့[redacted]။ အဲ ... ဒီကြားထဲ မုန့်ဟင်းခါး လာစားသူတွေ
mgyoe.com

mgyee.com


ရောက်လာရင် ကျွန်တော်ပဲ မုန့်ဟင်းခါးသည်လုပ်ပြီး ရောင်းလိုက်ပါမယ်
ဟဲ ... ဟဲ ... ဟဲ ..."

အေးကျော်က ရယ်ရယ်မောမောနှင့်ပြောလိုက်လျှင် မုန့်ဟင်းခါးသည် မိန်းမကြီးမှာလည်း'သဘောကျစွာနှင့် ရယ်မောရင်း...

"အေးကွယ် ... ငါ့တူပဲ ကြည့်ပြီးရောင်းလိုက်ပေါ့။ အခုလို အကူ အညီ ရတာကိုလည်း အဒေါ်က ကျေးဇူးတင်ပါတယ်။ ကဲ... ဒါဖြင့် အဒေါ် သွားတော့မယ်"

မိန်းမကြီးသည် ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထ၍ ထွက်သွားလေသည်။ မိန်းမကြီး ထွက်သွားလျှင် အေးကျော်သည် မုန့်ဟင်းခါးစားနေရာမှ ထရပ်လိုက်ပြီးနောက် သူ့ သူငယ်ချင်းနှစ်ဦးအား စပ်ဖြဲဖြဲနှင့်ကြည့်ကာ ...

"ကဲ ... သူငယ်ချင်းတို့ ငါတော့ မုန့်ဟင်းခါးသည်ဘဝကို ပြောင်းလိုက်ဦးမယ်ဟေ့"

ဟူ၍ ပြောကာ မုန့်ဟင်းခါးရောင်းသည့် ခုံတွင် ဝင်ထိုင်ပြီး တကယ့် မုန့်ဟင်းခါးသည် စတိုင်မျိုးနှင့် သူ့သူငယ်ချင်းများအား "ကဲ ... အစ်ကိုကြီးတို့ မုန့်ဟင်းခါး အရည်များ ယူကြဦးမလား ... ယူချင်ရင် ပြောပါ အားမနာပါနဲ့ အလကားစားကြတာမှ မဟုတ်ဘဲ ပိုက်ဆံပေးပြီး စားတဲ့ဟာ ဟား ... ဟား ... ဟား"

အေးကျော်မှာ သူငယ်ချင်းနှစ်ဦးအား ရယ်ရယ်မောမောနှင့် နောက်ပြောင်နေစဉ် သောင်းကျော်တန် ကားနီးတစ်စီးမှာ မုန့်ဟင်းခါးဆိုင်ရှေ့သို့ ထိုးဆိုက်၍ လာခဲ့လေသည်။

အေးကျော်သည် ဆိုင်ရှေ့သို့လာရပ်သော ကားအားကြည့်လိုက်ရာ ကားနောက်ဘက်မှ အသက်နှစ်ဆယ်ရွယ်ခန့် အလှမယ်ကလေးတစ်ဦးသည် လက်ဆွဲ ဒန်ချိုင့်ကြီးကို ကိုင်၍ဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

ထိုရှုကွင်းကို တွေ့မြင်လိုက်ရသော အေးကျော်၏သူငယ်ချင်းနှစ်ဦးမှာ တပြုံးပြုံးနှင့် ဖြစ်၍နေကြလေသည်။ ထိုနေရာတွင် တခြားလူပျိုလူရွယ်တစ်ဦးတစ်ယောက်ဖြစ်နေလျှင် မိန်းမပျိုချောကလေး၏ မုန့်ဟင်းခါးသည့်

mgyee.com

mgyoe.com
အပြစ်အတင်ခံရခြင်းမှ လွတ်ကင်းအောင် ပြုလုပ်မည်သာ ဖြစ်လေသည်။

သို့သော်... လူ့ဝှစာ အေးကျော်ကတော့ ထိုသို့မဟုတ်ပေ။ အလွန်ပျော်တတ် ရွှင်တတ်သူပီပီ သူသည် မိန်းမပျိုအား တကယ့် မုန့်ဟင်းခါးသည် စတိုင်မျိုးနှင့် လှမ်း၍ကြည့်လိုက်ပြီးနောက် ...

"ဘာအလိုရှိပါသလဲ ခင်ဗျာ ... မုန့်ဟင်းခါး သုံးဆောင်မလို့လား ကြွပါခင်ဗျာ ကြွပါ... အစ်မကြီးတို့လို ဂုဏ်သရေရှိ အပိုင်းက ကျွန်တော်တို့လို လမ်းဘေးက မုန့်ဟင်းခါးဆိုင်ကလေးကို ကြွရောက်ပြီး အားပေးတာ အလွန်မှာပဲ ကျေးဇူးတင်ပါတယ် ခင်ဗျား"

အေးကျော်သည် အာဝဇ္ဇန်းရွှင်ရွှင်နှင့် မိန်းမပျိုအား လှမ်းပြောလိုက်လေသည်။ အေးကျော်၏ ပြောပုံ ဆိုပုံကို သူ့သူငယ်ချင်းနှစ်ဦးက ကြည့်၍ တခွီးခွီးနှင့် ဖြစ်နေကြလေသည်။

မိန်းမပျိုကတော့ အေးကျော်အား အကယ်ပင် မုန့်ဟင်းခါးသည် အစစ်မှတ်ကာ အေးကျော် ပြောဆိုပုံကို သဘောကျဟန်ဖြင့် ပြုံး၍နေလေသည်။

မိန်းမပျိုသည် ဆွဲလာသော ဒန်ချိုင့်ကြီးကို မုန့်ဟင်းခါးသည် လက်သစ် အေးကျော်အား လှမ်း၍ပေးလိုက်ပြီး ...

"မုန့်ဟင်းခါး နှစ်ကျပ်ဖိုး ... ဘူးသီးကြော်က တစ်ကျပ်ဖိုးထည့်ပါ" ဟူ၍ ပြောလိုက်ရာ အေးကျော်က ပြုံးပြုံးရယ်ရယ်နှင့် ခေါင်းတစ်ချက် ညိတ်ရင်း ချိုင့်ကို လှမ်းယူလိုက်လေသည်။

ခါးတွင် ချည်လုံချည် ပုဆိုးဝတ်၍ ကိုယ်ပေါ်တွင် စွပ်ကျယ်လက်ပြတ်နှင့် ဖြစ်ကာနေသော အေးကျော်၏ သဏ္ဌာန်မှာ မုန့်ဟင်းခါးသည်နှင့် အလွန်တူနေလေသည်။

"ဒါထက်... ဒီဆိုင်က အဒေါ်ကြီးကော ဘယ်သွားသလဲ... အစ်ကိုကြီးကကော... ဒီအဒေါ်ကြီးနဲ့ ဘာတော်သလဲရှင်..."

မိန်းမပျိုက မိန်းမတို့၏ သဘာဝအတိုင်း စပ်စုလိုက်လေသည်။

"ဩော်... ကျွန်တော်ကလား... ကျွန်တော်ကတော့ ဒီဆိုင်က အဒေါ်ကြီးရဲ့တူပါပဲခင်ဗျာ..."

အေးကျော်က ချိုင့်ခွက်များကို ဖြုတ်နေရင်းက ပြန်ဖြေလိုက်လေ
mgyoe.com

သည်။

"ဩော် ... အရင်တုန်းကတော့ ဒီဆိုင်မှာ မတွေ့ပါလား"

မိန်းမပျိုက ထပ်မံ၍ လှျာရှည်လိုက်ပြန်သည်။

"ဟုတ်ကဲ့ ... အရင်ကတော့ ဒီဆိုင်မှာ ကျွန်တော့်ကို ဘယ်တွေ့မလဲ ... မတွေ့ဆို ကျွန်တော်က တခြားမှာ မုန့်ဟင်းခါးကို အထမ်းနဲ့ လည်ပြီးရောင်းတာ ခင်ဗျ"

အေးကျော်က မင်သေသေနှင့် မိန်းမပျိုအားလှိမ့်၍နေသည်ကို သူ့သူငယ်ချင်း နှစ်ဦးကတော့ ရယ်ချင်လွန်းသဖြင့် မျက်နှာကို မဖော်ဝံ့ကြဘဲ ခေါင်းငုံ့ကာ ပြုံးစိစိကြီး လုပ်နေကြရလေသည်။

"အဲဒါဗျာ ... မနေ့ကတော့ ကျွန်တော့် မုန့်ဟင်းခါးအထမ်းကို မြူနီစီပါယ်က ဖမ်းသွားလို့ အရင်းပြုတ်ပြီး ဒီကနေ့တော့ မထွက်နိုင်တော့ဘူး ... ဒါကြောင့် အဒေါ်ဆိုင်မှာပဲ အခုလိုကူပြီး ရောင်းပေးနေရတယ် ဟဲ...ဟဲ...ဟဲ..."

အေးကျော်က ရယ်ရယ်မောမောနှင့် မိန်းမပျိုအား ဆက်၍ လှိမ့်လိုက်ပြန်ရာ မိန်းမပျိုမှာ တကယ်မှတ်ကာ အေးကျော်အား ကရုဏာသက်စွာနှင့် ကြည့်ရင်း ...

"ဖြစ်ရလေရှင် ... ကြားရတာ ကျွန်မတော့ စိတ်မကောင်းပါဘူး...၊ အို ... အို ... မုန့်ရည်တခြား၊ မုန့်တခြားထည့်လေ ... အတူတူရောနှော ထည့်လိုက်ရင် မုန့်တွေပွကုန်ကုန်မှာပေါ့ရှင့် ... ရှင့်နှယ် မုန့်ဟင်းခါးသည် လုပ်နေပြီး ဒါတောင်မသိဘူးလား..."

မိန်းမပျိုမှာ မုန့်ဟင်းခါးဖတ်နှင့် ဟင်းရည်များ အတူရောာ၍ ထည့်နေသည်ကို မြင်လိုက်ရသဖြင့် အေးကျော်အား လှမ်းပြောလိုက်လေသည်။ မိန်းမပျိုက သတိပေးလိုက်မှ အေးကျော်မှာ သူ့အမှားကို သူသတိရသွားပြီး မိန်းမပျိုအား စပ်ဖြဲဖြဲနှင့် မော့ကြည့်ကာ ...

"ဟဲ ... ဟဲ ... စကားကောင်းနေတာနဲ့ ကျွန်တော်လည်း ယောင်သွားတယ်ဗျာ ... ဒါပေမဲ့ ကိစ္စမရှိပါဘူး ... ကျွန်တော် အသစ်ပြန်ထည့်ပေးပါ့မယ်"

ထိုသို့ပြန်ပြောပြီးနောက် အေးကျော်သည် မုန့်ဟင်းခါးများကို

mgyoe.com

mgyoe.com

အနီးရှိ မြောင်းထဲသို့ သွန်ပစ်လိုက်စဉ် ...

"အမယ်လေး ... ကုန်ပါပြီတော် ... ဘယ့်နှယ် မုန့်ဟင်းခါးတွေကို မြောင်းထဲ လွှင့်ပစ်လိုက်ရတာလဲ မောင်အေးကျော်ရဲ့" ဟူ၍ နောက်ဖက်မှ ပြောလိုက်သော အသံကြောင့် အေးကျော်မှာ လှည့်ကြည့်လိုက်ရာ ... ဘယ်အချိန်က ပြန်ရောက်နေမှန်း မသိသော ဆိုင်ရှင်အဒေါ်ကြီးအား တွေ့မြင်လိုက်ရလေသည်။

ဆိုင်ရှင်အဒေါ်ကြီးအား တွေ့မြင်လိုက်ရလျှင် အေးကျော်မှာ အလိမ်တွေပေါ်ကုန်တော့မည်ကို သိသဖြင့် ထ၍ ပြေးချင်စိတ်ပေါက်နေလေသည်။ မိန်းမပျိုကတော့ အေးကျော်ကိုတစ်လှည့် မိန်းမကြီးကို တစ်လှည့် အံ့အားသင့်စွာနှင့် ငေးကြည့်နေလေသည်။

အေးကျော်၏ သူငယ်ချင်းနှစ်ဦးမှာတော့ ရယ်ချင်စိတ်ကို ဆက်လက်၍ မမြိုသိပ်နိုင်တော့သဖြင့် မုန့်ဟင်းခါး ထိုင်စားနေကြရာမှ ထ၍ လစ်ပြေးကြလေတော့၏။

"အံ့သြပါရဲ့ကွယ် ... မင်းကို ငါက ဆိုင်ကို ခဏလောက်ကြည့်လိုက်ပါလို့ဆိုပြီး ထားသွားတဲ့ဟာကို မင်းက ဘယ်လိုသဘောနဲ့ မုန့်ဟင်းခါးတွေကို ထိုင်ပြီး သွန်ပစ်နေရတာလဲကွဲ ... ကတ္တည်းတော် ငါအရောက်မြန်ပေလို့ပေါ့ နို့မို့ရင် ငါ့မုန့်ဟင်းခါးတွေ အကုန်လုံး မြောင်းထဲရောက်ပြီးသားပဲ"

မုန့်ဟင်းခါးသည် မိန်းမကြီးမှာ အေးကျော်၏ အပြုအမူကို မကျေနပ်ဟန်ဖြင့် ဆက်၍ ဆူနေတော့၏။

အေးကျော်မှာတော့ သူ့အလိမ်တွေပေါ်ကုန်တော့မည်စိုးလှသဖြင့် ဆက်၍ မဆူရန် မိန်းမကြီးဘက်သို့လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြလိုက်လေသည်။

ဒါကိုပင် မိန်းမကြီး၏ စိတ်ထဲတွင် အေးကျော်က သူ့ကို နောက်ပြောင်သည်ဟုထင်ကာ ဒေါပွသွားလေတော့၏။

"အံမာ ... ငါ့ကိုများ မျက်စိတွေ ဘာတွေမှိတ်ပြလို့ ဘာလဲ မင်းက မင့်ရည်းစားများမှတ်နေလို့လား... ကဲ... ကဲ ဖယ်စမ်းကွယ်"

ပြောပြောဆိုဆိုနှင့် မိန်းမကြီးမှာ အေးကျော် ထိုင်နေရာသို့ ဒေါနှင့်

mgyoe.com

မောနှင့် ဝင်ထိုင်လိုက်သဖြင့် အေးကျော်မှာလည်း နေရာမှ ဖယ်ပေးလိုက်ရလေသည်။

ထိုနောက် အေးကျော်သည် မိန်းမကြီးထိုင်နေသောဘေးတွင် ဆောင့်ကြောင့်ကလေး ထိုင်ကာနေလေသည်။ မိန်းမပျိုသည် အေးကျော်နှင့် မိန်းမကြီးကို တစ်လှည့်စီ ကြည့်ကာ အကဲခတ်လိုက်ပြီးနောက် မိန်းမကြီးအား လှမ်းမေးလိုက်လေသည်။

"သူက အဒေါ်တူ မဟုတ်ဘူးလား... ဒေါ်ဒေါ်ရဲ့..."

ထိုအမေးကို ကြားလိုက်ရလျှင် အေးကျော်မှာ မျက်လုံးပြူး၍ သွားခဲ့လေသည်။

"ဘယ်ကလာ ဟုတ်ရမှာလဲ ... အဒေါ်မှာ ခုနက သွားစရာ ကိစ္စကလေးတစ်ခုရှိတာနဲ့ သူ့ကို အစောင့်ထားသွားတာ ... ဟဲ့ ... ဟဲ့... သောက်ပလုပ်တုတ် ဘယ့်နှယ့် ငါ့ခါးကိုလာပြီး ဂလိထိုးရတာလဲ မောင်အေးကျော်ရဲ့"

အေးကျော်မှာ မိန်းမကြီးအား စကားမဆက်စေလိုသဖြင့် မိန်းမကြီးခါးကို ဂလိထိုးလိုက်ရာ မိန်းမကြီးမှာ ယားတတ်သူဖြစ်နေသဖြင့် မြွေကြီးလို တွန့်လိမ်၍နေလေသည်။ ထိုကြောင့် အေးကျော်မှာ ဆက်၍ ဂလိမထိုးဝံ့တော့ဘဲ နေရာမှ ထ၍ လစ်ရန်ပြင်လိုက်စဉ် မိန်းမပျိုက ခတ်ဆတ်ဆတ် အသံနှင့် ...

"ဒီမှာ ... ဆရာကြီးရဲ့ ... ဒါက ဘယ်ကို လစ်ပြေးမလို့လဲ ..."

ဟူသော အသံကြောင့် အေးကျော်မှာ ခေါင်းကြီး ပုဝင်၍သွားကာ မလစ်နိုင်တော့ဘဲ လာမည့်ဘေးကို ပြေးတွေ့လိုက်ရလေသည်။ ထိုအခါတွင် မိန်းမကြီးမှာ မိန်းမပျိုနှင့် အေးကျော်အား အဓိပ္ပာယ် နားမလည်ဟန်ဖြင့် တစ်လှည့်စီ ငေးကြည့်ရပြန်လေသည်။

အေးကျော် ရပ်နေသည်ကိုမြင်လျှင် မိန်းမပျိုက မကျေနပ်သောမျက်နှာနှင့် လှမ်းကြည့်ကာ ...

"ရှင်က ဘာသဘောနဲ့ ကျွန်မကို မုန့်ဟင်းခါးသည် ယောင်ဆောင်ပြီး လူကို အရူးလုပ်ရတာလဲဟင် ပြောစမ်းပါဦး"

ထိုအမေးကို ရုတ်တရက် ဘာပြန်၍ ဖြေရမှန်းမသိအောင် အေးကျော်မှာ အကျပ်တွေ့နေရလေသည်။

mgyoe.com

mgyoe.com

"သူက ငါ့တူမကြီးကို ဘာတွေများ ပြောထားလို့လဲကွဲ့"

မုန့်ဟင်းခါးသည် မိန်းမကြီးက ဝင်၍ မိန်းမပျိုအား မေးလိုက်လေသည်။

"သူကလား ... ကျွန်မကိုလေ သူဟာ အဒေါ်တူဖြစ်ပါတယ်တဲ့၊ အဒေါ်လိုပဲ သူဟာ မုန့်ဟင်းခါးရောင်းတဲ့ လူပါတဲ့၊ မနေ့ကတော့ သူ့မုန့်ဟင်းခါးလည်ပြီးအရောင်းမှာ မြူနီစီပါယ်က ရဲတွေနဲ့တွေ့လို့ သူ့မုန့်ဟင်းခါး အထမ်းကို အဖမ်းခံခဲ့ရတဲ့အတွက် ဒီနေ့တော့ အဒေါ့်ဆိုင်မှာ ပဲလာပြီး ကူရောင်းနေခဲ့ရသတဲ့ အဲဒါဟုတ်သလား..."

မိန်းမပျို၏စကားကို ကြားလိုက်ရလျှင် မိန်းမကြီးမှာ သဘောကျစွာ တခစ်ခစ်နှင့် ရယ်မောနေလေသည်။

"ဘယ်ကလာ ဟုတ်ရမှာလဲ တူမရယ်၊ ဟောဒီသူငယ်က ဒီလိုပဲ အင်မတန်မှ ပျော်တတ်တာ၊လူတစ်ယောက်ကိုတွေ့ရင် အခုလိုပဲ နောက်တီးနောက်တောက် ပြောတတ်တယ်၊ ငါ့တူမကိုလည်း သူကနောက်နေတာပါကွယ်"

"သူနောက်တိုင်း ကျွန်မက ခံနေရမှာလား သူနောက်စရာမှ မဟုတ်ဘဲ လူကိုကြည့်ပြီး နောက်ရတယ်"

မိန်းမပျိုက ဒေါလုံး မောလုံးတွေနှင့် ရန်တွေ့လိုက်လေသည်။ အေးကျော်မှာလည်း ကျေရာကျေရာကြောင်း တောင်းပန်၍ ရမည်မဟုတ်မှန်း သိသဖြင့် ... သူ့ဝသီအတိုင်း ဘုတောရန် ပြင်ဆင်လိုက်လေသည်။

"နေစမ်းပါဦး ... ကျုပ်က ခင်ဗျားကို ကြည့်ပြီး မနောက်လို့ စောစောက ဘယ်ကိုကြည့်ပြီး နောက်နေလို့လဲ"

အေးကျော်၏ ဘုကျကျ စကားကို ကြားလိုက်ရလျှင် မိန်းမပျိုမှာ ပိုမို၍ ဒေါပွသွားခဲ့လေသည်။

"ဘာလဲ ... ရှင်က ... ရှင့်အပြစ်တွေကို မတောင်းပန်တဲ့အပြင် ကျွန်မကို ဘုပြောလိုက်တာလား"

"ဗျာ ... ကျုပ်မှာ ဘာအပြစ်တွေရှိလို့ တောင်းပန်ရမှာလဲ"

"ခုနက ... ရှင်ဟာ မုန့်ဟင်းခါးသည် မဟုတ်ဘဲနဲ့ ... ဟုတ်ချင်ယောင်ဆောင်ပြီး ကျွန်မကို အရှုးလုပ်ခဲ့တာလေ"

mgyoe.com

"ဩော် ... ခင်ဗျားက ဒါကို ပြောတာလား ဟဲ ... ဟဲ ကျုပ်က ခင်ဗျားကို စပြီး အရှူးလုပ်တာမဟုတ်ဘူး ... ခင်ဗျားက အရင်စပြီး ကျုပ်ကို မုန့်ဟင်းခါးသည် အမှတ်နဲ့ပြောတဲ့အတွက် ကျုပ်က ခင်ဗျားရှက်သွားမှာစိုးလို့ ... ခင်ဗျား စကားအတိုင်း မုန့်ဟင်းခါးသည် ယောင်ဆောင်ခဲ့ရတာပါလားဗျာ... ခင်ဗျားကတောင်... ကျုပ်ကို ဒီအတွက် ကျေးဇူးတင်ဖို့ကောင်းသေးတယ်"

"အံမာ... ရှင့်ကို ကျေးဇူးတင်ဖို့ နေနေသာသာ ပါးကိုတောင် ရိုက်ပစ်ချင်သေးတယ်"

"ဒီလိုဆိုလည်း စမ်းကြည့်လေဗျာ"

ထိုကဲ့သို့ မိန်းမပျိုနှင့် အေးကျော်တို့ အချီအချ စကားများနေမှုကြောင့် မုန့်ဟင်းခါးသည် မိန်းမကြီးမှာ မနေသာတော့ဘဲ ကြားမှနေ၍ ဖျန်ဖြေလိုက်လေသည်။

"ကဲ ... ကဲ ... တော်ကြပါတော့ကွယ် ... ငါ့တူမကလည်း တော်ပါကွယ်"

"အို ... မတော်နိုင်ပါဘူး ... သူကမှ သူ့အမှားကို မတောင်းပန်သေးဘဲနဲ့ ကျွန်မက တော်ရမှာလား ဒေါ်ဒေါ်ရဲ့ ..."

"ဟဲ ... ဟဲ ... ဒီလောက်တောင်မှ တောင်းပန်တာကို ကြိုက်နေရင်လည်း ငှက်ပျောပွဲ အုန်းပွဲနဲ့ ခင်ဗျားအိမ်ကို လာပြီးကန်တော့ပါ့မယ်ဗျာ ... ကျေးဇူးပြု၍ ခင်ဗျားအိမ် လိပ်စာကလေးသာ ရေးပေးခဲ့စမ်းပါ ဟဲ ... ဟဲ ... ဟဲ ..."

အေးကျော်က စပ်ဖြဲဖြဲနှင့် ကြည့်၍ပြောလိုက်လေသည်။

"ကဲပါ ... တော်ကြပါတော့၊ မောင်အေးကျော်ကလည်း အဒေါ် ပြောစကားကို နားထောင်စမ်းပါ ... မင်းက ယောကျ်ားလေးပဲ သဘောကြီးကြီးထားပြီး ရှောင်ထွက်သွားပေါ့ကွယ်"

မုန့်ဟင်းခါးသည် မိန်းမကြီးမှာ အေးကျော်အား ထ၍ဆွဲကာ ထိုနေရာမှ ထွက်သွားရန် တွန်းထုတ်နေစဉ် တစ်ဖက်မှလည်း မိန်းမပျိုအား ကားဒရိုင်ဘာက ဆင်းလာပြီး ရန်မဖြစ်ရန် တောင်းပန်နေလေသည်။

ထိုကြောင့် ရန်ပွဲမှာ ဤမျှနှင့်ပင် လျှို့ထားလိုက်ကြရလေသည်။

mgyoe.com

mgyoe.com


ဤကား မိန်းမပျိုနှင့် အေးကျော်တို့၏ ပဏာမပွဲဦးထွက် ရန်ပွဲဖြစ်လေသည်။

(၃)

မုန့်ဟင်းခါးဆိုင်တွင် မိန်းမပျိုနှင့် ဘုကျခဲ့ပြီး နောက်တစ်နေ့တွင် အေးကျော်သည် မုန့်ဟင်းခါးသည် မိန်းမကြီးထံသို့သွား၍ မိန်းမပျို၏ အမည်နှင့် နေရပ်ကို စုံစမ်းကြည့်ခဲ့၏။

"ဒီသူငယ်မရဲ့ နာမည်ရော ... ဘယ်မှာနေတယ်ဆိုတာရော အဒေါ်တော့ မသိဘူးကွယ်... သူဟာ အခုလိုပဲ ဆိုင်ကိုနှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ မုန့်ဟင်းခါးကို လာလာပြီးတော့ဝယ်တယ်ကွဲ့... အဒေါ့်စိတ်ထဲတော့ ဒီသူငယ်မလေးဟာ ဒီရေကျော်နား တစ်ဝိုက်မှာပဲ နေမယ်ထင်တာပဲ"

မိန်းမကြီးထံမှ မိန်းမပျို၏သတင်းနှင့်ပတ်သက်၍ ဤမျှသာလျှင် အေးကျော်မှာ သိရှိခဲ့ရလေသည်။

မုန့်ဟင်းခါးသည် မိန်းမကြီး၏ ပြောကြားချက်အတိုင်း အေးကျော်မှာ မိန်းမပျိုအား တွေ့လို တွေ့ငြား ရေကျော်တစ်ဝိုက်တွင် ခြေရာချင်း ထပ်မတတ် ရှာဖွေကြည့်ခဲ့၏။ သို့သော် မိန်းမပျို၏ အစအနကိုမျှ မတွေ့ခဲ့ပေ။ အဲ ... တွေ့မည့်တွေ့တော့ မမျှော်လင့်ဘဲနှင့် ဤဝတ္ထုအစတွင် ဖော်ပြခဲ့သလို လှပပြင်ရှိ တရုတ်ထမင်းဆိုင်တွင် လာ၍တွေ့ခဲ့ရ၏။

ထိုသို့ တွေ့ခဲ့ကြသည့်အခါတွင်လည်း သူနှင့် မိန်းမပျိုမှာ အဆင်မပြေကြဘဲ ဒုတိယမွှိအကြိမ် ဘုကျခဲ့ကြရ ပြန်လေသည်။

အေးကျော်အနေနှင့် မိန်းမပျိုအား မခံချင်သည့်စိတ်ဖြင့် ဘုတွေဘောက်တွေသာ ပြောနေလိုက်ရသည်။ သူ့စိတ်ထဲတွင်တော့ မိန်းမပျိုအား အသေအလဲ ချစ်ကြိုက်နေမိ၏။

ထို့ကြောင့်လည်း သူသွားလေရာ အရပ်တွင် မိန်းမပျိုကလေးများအား တွေ့မြင်တိုင်း သူ၏အသည်းစွဲ မိန်းမပျိုများဖြစ်မလားဟု အထင်နှင့် ဂရုတစိုက် ရှာဖွေ၍ ကြည့်ရှုလေ့ရှိ၏။

တစ်နေ့တွင်တော့ အေးကျော်သည် ဗိုလ်ချုပ်ဈေးသို့ အလာတွင် မမျှော်လင့်ဘဲနှင့် ထိုမိန်းမပျိုအား ပက်ပင်း သွားရောက်၍ တွေ့ရှိခဲ့ပြန်လေ

mgyoe.com

mgyoe.com

သည်။

အေးကျော်အနေနှင့် မိန်းမပျိုအား တွေ့မြင်လိုက်ရသောအခါ ဝမ်းသာသလောက် မိန်းမပျိုမှာမူ အေးကျော်အား မြင်တွေ့လိုက်ရသည့်အခါ မကောင်းဆိုးဝါးတစ်ကောင်ကို တွေ့မြင်လိုက်ရသည့် ပမာ ကြည်လင်ရွှင်ပျ လျက်နေသော မျက်နှာကလေးမှာ တစ်ခဏချင်း အိုမင်း၍ သွားခဲ့လေသည်။

"ဒီမှာ... ဒီမှာ"

အေးကျော်သည် မိန်းမပျိုအား ရင်ဆိုင်တွေ့လိုက်ရလျှင် စတင်၍ ခေါ်လိုက်လေသည်။

"ဘာဒီမှာလဲ ရှင်လူကို ဘာအနှောင့်အယှက်တွေ ပေးဦးမလို့လဲ သွားစမ်းရှင်"

မိန်းမပျိုသည် အေးကျော်အား မျက်စောင်းထိုးကြည့်ကာ ပြောလိုက်ပြီးနောက် အေးကျော် ရှေ့မှဖြတ်ကာ လျှောက်သွားခဲ့လေသည်။

"ဒီမှာဗျ ... ဒီမှာ မဟာဝါ တစ်ဆိတ်ကလေး နေပါဦးဗျာ၊ ခင်ဗျားကို အနှောင့်အယှက်ပေးမလို့ မဟုတ်ပါဘူး... ဟိုနေ့ကအဖြစ်ကို ကျွန်တော် တောင်းပန်မလို့ပါ"

အေးကျော်သည် မိန်းမပျို၏နောက်မှ ခြေလှမ်းသွက်သွက်နှင့် လိုက်ရင်း ပြောလိုက်လေသည်။

ထိုအခါ မိန်းမပျိုသည် လမ်းသွားနေရာမှ ရပ်တန့်လိုက်ပြီးနောက် အေးကျော်ဘက်သို့ မျက်နှာချင်းဆိုင် ပြန်လှည့်လိုက်ကာ ...

"ဘာမှ တောင်းပန်နေဖို့ မလိုဘူး၊ ရှင့်အမှားကို ရှင်သိရင် ပြီးတာပဲ၊ ဒါကြောင့် ကျွန်မ နောက်ကို အခုလို လိုက်နေမယ့်အစား ပြန်ပေတော့"

မျက်နှာထားတင်းတင်းနှင့် မိန်းမပျိုက အေးကျော်အား ပြန်ပြော လိုက်လေသည်။

"သွားဆိုလည်း သွားပါ့မယ်ဗျာ၊ ဒါပေမဲ့ ခင်ဗျားရဲ့ နာမည် ကလေးတော့ တစ်ဆိတ်လောက် ပြောခဲ့ပါဦး"

အေးကျော်၏ နောက်ဆက်တွဲစကားကို ကြားလိုက်ရလျှင် ... မိန်းမပျိုမှာ ဒေါပွသွားခဲ့လေသည်။

"အံမာ ... လက်စသတ်တော့ ရှင့်အကြံက ဒီလိုကိုး ... ဘာရမလဲ

mgyoe.com

mgyoe.com


သာဝရယ် ... ရှင့်လောက်များ မပါးရင်... အခုလို ရန်ကုန်မြို့ကြီးထဲကို တစ်ယောက်တည်း ဘယ်လာလိမ့်မလဲ... ဒီမှာ... ရှင့်ကိုနောက်ဆုံး ကျွန်မ ပြောလိုက်မယ်... ရှင်နဲ့ ကျွန်မဟာ ရှေ့ကို ဘယ်လိုမှ ဆက်ဆံစရာမရှိတဲ့ အတွက် ကျွန်မနာမည်ကို ရှင်သိဖို့မလိုဘူး ... ရှင့်နာမည်ကိုလည်း ကျွန်မ မသိချင်ဘူး ... အဲဒါပဲ"

စကားအဆုံးတွင် မိန်းမပျိုသည် ချာခနဲလှည့်၍ ထွက်သွားပြန်ရာ အေးကျော်မှာ နောက်မှနေ၍ လိုက်သွားခဲ့ရပြန်လေသည်။ အေးကျော် နောက်မှပါလာမှန်းသိလျှင် ... မိန်းမပျိုမှာ သွားနေရာမှ တစ်ခါရပ်လိုက် ပြန်ပြီး အေးကျော်အား လှည့်ကြည့်ကာ ပြောလိုက်လေသည်။

"ဘာဖြစ်လို့ ကျွန်မနောက်ကို လိုက်လာရပြန်တာလည်း ရှင်ပြန်ရင် ကောင်းလိမ့်မယ်"

"အဲဒီလိုပြန်စေချင်ရင် ... ခင်ဗျားရဲ့ နာမည်ကို ပြောခဲ့ဗျာ"

"မပြောဘူးရှင်...မပြောဘူး...မပြန်ချင်ရင်လည်းနေပေါ့" မိန်းမပျိုက ပြောပြောဆိုဆိုနှင့် ဆက်၍ လျှောက်သွားပြန်လျှင် အေးကျော်ကလည်း မလျှော့သောဇွဲနှင့် နောက်မှ ကပ်၍လိုက်ရင်း ... "နေတယ်ဗျာ...ခင်ဗျား မပြောမချင်း ကျွန်တော်လည်း ပြန်ကိုမပြန်ဘူး" ဟူ၍ ပြောကာ မိန်းမပျို သွားရာသို့ လိုက်နေလေသည်။ အကြောင်းမှန်ကို မသိရှိကြသော လူများက သူတို့နှစ်ဦးအား သမီးရည်းစားသော်လည်းကောင်း...လင်မယားသော်လည်း ကောင်း၊ ထင်မှတ်ကြမည်ကား မလွဲပေ။ အကြောင်းမှာမူ ... နှစ်ဦးစလုံးမှာ... အဝတ်သစ် အစားသစ်များကို ရှိုးအပြည့်ဝတ်ဆင်ထားခဲ့ကြရုံမျှမက အေးကျော် ဝတ်ဆင်ထားသည့် ဘန်ကောက်လုံချည်အရောင်နှင့် မိန်းမပျိုခါးတွင် ဝတ်ဆင်ထားသည့် ပိုးလုံချည်တို့မှာ နှစ်ထည်စလုံး အပြာရောင်တွေချည့် တိုက်တိုက်ဆိုင်ဆိုင်လာ၍ ကူညီနေသောကြောင့်ပင်...

အေးကျော် လိုက်ပါလာမှန်းသိသဖြင့် မိန်းမပျိုသည် အထည်ဆိုင် ကြီး တစ်ဆိုင်ရှေ့သို့အရောက်တွင် ထိုဆိုင်တွင်းသို့ ဝင်သွားခဲ့လေသည်။ အေးကျော်ကလည်း ခပ်တည်တည်နှင့်ပင် ထိုဆိုင်တွင်းသို့ ဝင်လိုက်လာခဲ့၏။

သူတို့နှစ်ဦး ဆိုင်တွင်းသို့ဝင်လာကြသည်ကို မြင်လျှင် ဆိုင်တွင်းရှိ အရောင်းစာရေးများမှာ ပျာပျာသလဲ ခရီးဦးကြိုပြုကြလေသည်။

mgyoe.com

mgyoe.com

"ဘာများ အလိုရှိပါသလဲ ခင်ဗျာ...အလိုရှိရာကို အမိန့်ရှိပါခင်ဗျာ..." အရောင်းစာရေးတစ်ဦးက အေးကျော်အား ချိုသာသောမျက်နှာနှင့် လှမ်း၍ မေးလိုက်လေသည်။ ထိုအခါ အေးကျော်က မှင်သေသေနှင့် မိန်းမပျိုအား မေးငေါ့ကာပြလိုက်ရင်း...

"သူ့ကိုမေးပါ...ဝယ်မှာက...သူဗျ ဟဲ...ဟဲ"

အေးကျော် ပြောလိုက်သောအသံကို ကြားလိုက်ရလျှင် မိန်းမပျို သည် ဆတ်ခနဲလှည့်၍ အေးကျော်အား ကြည့်လိုက်လေသည်။

"ဒီကို လှည့်ကြည့်မနေနဲ့လေ... ဝယ်မှာသာ ဝယ်ပါ..."

အေးကျော်က အိတ်တွင်းမှ စီးကရက်ဘူးကို ထုတ်ယူလိုက်ပြီး နောက် စီးကရက်တစ်လိပ်ကို ထုတ်ကာ ပါးစပ်တွင်တပ်ထားရင်း မိန်းမပျို အား လှမ်းပြောလိုက်လေသည်။ ထိုသို့ လှမ်းပြောပြီးမှ ပါးစပ်တွင် တပ်ထား သော စီးကရက်ကို ဓာတ်မီးခြစ်ဖြင့် ခြစ်ကာ စတိုင်နှင့် မီးညှိကာနေလေ သည်။

မိန်းမပျိုမှာတော့ အေးကျော်၏ လူပါးဝလှသော အပြုအမူကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်မတတ် ဒေါပွလျက်ရှိလေသည်။

ထို့ကြောင့် အေးကျော်အား ပိုးစိုးပက်စက် ပြန်၍ ပြောရန် ပါးစပ်ကို ပြင်လိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ပြန်၍မပြောတော့ဘဲ စူအောင့်ကာထားသော မျက်နှာကိုပါ မိန်းမပျိုက ပြင်လိုက်ပြီးနောက် အေးကျော်အား မဲ့ပြုံးကလေး တစ်ချက်ပြုံးကာ လှမ်းကြည့်လိုက်လေသည်။ ထိုကဲ့သို့ အေးကျော်အား လှမ်းကြည့်ပြီးမှ အရောင်းစာရေးဘက်သို့ လှည့်ကာ ပြောလိုက်လေသည်။

"ကျွန်မကို ရှင်တို့ဆိုင်က နောက်ဆုံးပေါ်အဆင်ကလည်း ဆန်း ဆန်း ... အသားကလည်း ကောင်းကောင်း၊ တန်ဖိုးကလည်း အတန်ဆုံး အစားထဲက အထည်တွေကို ပြစမ်းပါ"

မိန်းမပျိုက ပြုံးချိုသော မျက်နှာနှင့်ပြောလိုက်လေလျှင် အရောင်း စာရေးမှာ ကျေနပ်ခြင်း များစွာနှင့် ခေါင်းညိတ်ကာပြရင်း ...

"ရပါတယ် ခင်ဗျာ... ရပါတယ်... တစ်နေ့ကမှ နိုင်ငံခြားက ရောက်လာတဲ့ အဆင်ဆန်းတွေ အများကြီးရှိပါတယ်"

mgyoe.com

mgyoe.com

အရောင်းစာရေးသည် မိန်းမပျိုအား ပြန်ပြောပြီးနောက် မှန်ဗီရိုတွင်းမှ အဖိုးတန်အထည်များကို တစ်လိပ်ပြီးတစ်လိပ် ထုတ်ယူ၍ပြနေလေသည်။

အေးကျော်ကတော့ မိန်းမပျိုနှင့် မလှမ်းမကမ်းတွင် စီးကရက်ကို သောက်ရှုရင်း ရပ်နေလေသည်။

"အဲဒီ အထည်တွေထဲက...တစ်မျိုးကို နှစ်ကိုက်စီဖြတ်လိုက်စမ်းပါရှင်..."

အရောင်းစာရေးထုတ်ပြနေသော အထည်များထဲမှ သူမ လိုချင်သော အထည်လိပ်ငါးလိပ်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်လေသည်။

အေးကျော်မှာ ခပ်လှမ်းလှမ်းမှ မိန်းမပျိုနှင့် အရောင်းစာရေးတို့ ပြောဆိုနေကြသည်ကို အကဲခတ် ကြည့်ရှုနေစဉ် ... ထိုဆိုင်မှ အရောင်းစာရေးမကလေးတစ်ဦးက အေးကျော်အား လှမ်း၍မေးလိုက်လေသည်။

"ဒီက အစ်ကိုကြီးကကော ... ဘာမှမယူတော့ဘူးလားရှင်"

"အာ ... ဟင့်အင်း ... မယူတော့ပါဘူး ... သူပဲ ယူပါလိမ့်မယ်"

အေးကျော်က ... သူ့ကိုယ်သူ မိန်းမပျို၏ ရည်စားလိုလို ... ခင်ပွန်းလိုလို ဟန်မျိုးနှင့် အရောင်းစာရေးမအား ပြန်ဖြေလိုက်လေသည်။

"ဟာ မဟုတ်တာဘဲ အစ်ကိုကြီးကလည်း ... အစ်မကြီးဖို့ချည်း ဝယ်ပေးနေလို့ ဘယ်ဖြစ်မလဲ ... အစ်ကိုကြီးဖို့လည်း ဝယ်ဦးမှာပေါ့ ... ဒီမှာ အစ်ကိုကြီးနဲ့ အင်မတန်လိုက်တဲ့ လုံချည်အဆန်းတွေရော၊ အင်္ကျီအဆန်းတွေပါရှိပါတယ် ... လာကြည့်ပါဦး၊ အစ်ကိုကြီးရဲ့" သွက်လက်ချက်ချာလှသော အရောင်းစာရေးမကလေးက အေးကျော်အား ဆိုင်တွင်းရှိပစ္စည်းများကို ခေါ်၍ ပြနေသဖြင့် အေးကျော်မှာ ဆက်လက် ငြင်းဆန်ရမည်ကို အားနာလှလေသောကြောင့် ... စိတ်မပါဘဲနှင့် အထည်များကို ကြည့်ရှုနေရလေသည်။

ဟောဒါက ... အမေရိကန်ဒက်ကရွန် ... ဟောဒါက ပြင်သစ်ပြည်က နောက်ဆုံးရောက်ရှိလာတဲ့ ပိုးထည်တွေ"

အရောင်း စာရေးမကလေးက အေးကျော်အား မဝယ်လျှင် ဝယ်ချင်အောင် အမျိုးမျိုး အထည်များကိုထုတ်၍ပြရင်း ပြောဆိုနေချိန်တွင်

mgyoe.com

mgyoe.com
မိန်းမပျိုကတော့ သူအလိုရှိသော အထည်များကို ဝယ်ယူ၍ပြီးခဲ့လေပြီ။ သို့သော် ... ငွေကိုတော့ သူမအိတ်တွင်းမှ ထုတ်၍မချေခဲ့ဘဲ အရောင်းစာရေးအား ခပ်လှမ်းလှမ်းတွင်...အရောင်းစာရေးမကလေး ထုတ်ယူ၍ပြသနေသော အထည်များအား ကြည့်ရှုနေသည့် အေးကျော်အား လက်ညှိုးထိုးကာပြပြီး လေသံကလေးနှင့် တိုးတိုးတိတ်တိတ် ပြောလိုက်လေသည်။

"အဲဒီအထည်ဖိုးအတွက် သူပိုက်ဆံပေးလိမ့်မယ်၊ ကျွန်မတော့ သွားနှင့်မယ်၊ သူမေးရင် ကားထဲက စောင့်နေမယ်ပြောလိုက်ပါ"

မိန်းမပျိုက ပြောကာ ထိုဆိုင်တွင်းမှ အမြန်ဆုံး ခြေလှမ်းနှင့်ထွက်ခဲ့လေသည်။

ဒါကို တစ်ဖက်သို့လှည့်ကာနေသော အေးကျော်က မသိလိုက်ပေ။ အရောင်းစာရေးကလည်း မိန်းမပျိုအား အေးကျော်၏ဇနီးဟု မှတ်ထင်နေသဖြင့် မိန်းမပျိုညွှန်ပြသည့်အတိုင်း ကျသင့်သောငွေကို ဘောက်ချာရေးကာ အေးကျော်ထံသို့ လျှောက်လာခဲ့လေသည်။

"အေးကျော်သည် အထည်များကို ငုံ့၍ ကြည့်ရှုနေရာမှ သူ့အနီးတွင် လာ၍ရပ်လိုက်သော ခြေသံကြောင့် လှည့်ကြည့်လိုက်ရာ ပြုံးချိုသော မျက်နှာနှင့် သူ့အား ဘောက်ချာစာရွက်ကို လှမ်းပေးနေသည့် အရောင်းစာရေးအား တွေ့မြင်လိုက်ရလေသည်။

"ဟဲ ဟဲ ... အစ်မကြီးတော့ အထည်တွေဝယ်ပြီး ထွက်သွားပြီခင်ဗျာ၊ အစ်ကိုကြီးကို သူကားထဲက စောင့်နေမယ်တဲ့၊ ဟောဒီမှာ အစ်မကြီး ဝယ်သွားတဲ့ အထည်တွအတွက် ကျသင့်ငွေ သိပ်တော့မများပါဘူး၊ ခုနစ်ဆယ့်ငါးကျပ်နဲ့ ပြားသုံးဆယ်ထဲပါ ဟဲ... ဟဲ... ဟဲ"

အရောင်းစာရေးသည် အေးကျော်အား ရယ်ရယ်မောမောနှင့် ဘောက်ချာစာရွက်ကို လှမ်းပေးနေလေသည်။

ထိုအခါကျမှ အေးကျော်မှာလည်း သူ့အား မိန်းမပျိုက ချောက်တွန်းကာထားသွားမှန်း ရိပ်မိလေတော့၏။ ထို့ကြောင့် အေးကျော်မှာ မိန်းမပျိုအား တော်တော်လည်း ဒေါသထွက်သွားခဲ့လေသည်။

"သူဘယ်တုံးက ထွက်သွားသလဲဗျ"

"ခုနကတင်ပဲ... အစ်ကိုကြီးတို့လင်မယားကြည့်ရတာ စိတ်
mgyoe.com

mgyoe.com

ကောက်နေကြပုံရတယ် ဟဲ ဟဲ ဟဲ... ဒီလိုပေါ့ခင်ဗျာ လင်နဲ့မယား လျှာနဲ့သွားတဲ့ ဟဲ ဟဲ ဟဲ"

"ဟာ... ခင်ဗျား ဘာတွေ လာပြောနေတာလည်းဗျ၊ သူနဲ့ ကျွန်တော် လင်မယားမှ မဟုတ်ကြဘဲနဲ့ ခင်ဗျားက ဘယ်မင်္ဂလာဖိတ်စာကို ကြည့်ပြီး ရမ်းတုတ်ရတာလဲ"

"ဗျာ... ခ... ခ... ခင်ဗျား... တကယ်ပြောနေတာလား"

အေးကျော်၏ထံမှ မမျှော်လင့်သောစကားကို အရောင်းစာရေးက ကြားလိုက်ရလျှင် မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ဖြစ်ကာ မေးလိုက်လေသည်။

"အို... တကယ်ပြောနေတာပေါ့ဗျ... သူက တခြား ကျွန်တော်က တခြားပဲ၊ တကယ်ဆို ကျွန်တော့်ကို ခင်ဗျားတို့က လှမ်းပြီးမေးဖို့ကောင်းတယ်... ခုတော့ ကျွန်တော်က ဘုမသိဘမသိနဲ့ကြားထဲက အချောင်ပိုက်ဆံကုန်ရမလိုဖြစ်နေပြီ..."

"ဖြစ်မနေနဲ့မိတ်ဆွေ... အဲဒီငွေကို မိတ်ဆွေပဲ ရှင်းရမှာဘဲ၊ ဒီလိုအကွက်မျိုးတွေက ကျွန်တော်တို့မှာ ခံရလွန်းလို့ရိုးနေပြီ၊ အဲဒါကို မိတ်ဆွေက ဖွတ်ငြင်းနေမယ်ဆိုရင် ရဲကို တိုင်ရလိမ့်မယ် ..."

ဤကား... ဆိုင်မန်နေဂျာက နေရာမှ ထလာရင်း အေးကျော် အား လှမ်းပြောလိုက်သော စကားပင်။ ထိုအခါ အရောင်းစာရေးကလည်း အေးကျော်အား... ,

"ခင်ဗျားကသာ တခြားစီလို့ ပြောနေတယ်... ဆိုင်ထဲကို ခင်ဗျားတို့ဝင်လာခဲ့ကြတုန်းက ခင်ဗျားကို ကျွန်တော်က မေးတဲ့အခါ ခင်ဗျားကပဲမိန်းမပျိုကို ဝယ်မှာကသူပဲလို့ ဘာဖြစ်လို့ ပြောရသလဲ"

"အေးလေ... ဆိုင်ကို အတူတူဝင်လာကြတာမှန်ပေမဲ့ ဝယ်မှာက သူပဲကိုဗျ၊ ကျွန်တော်မှ မဟုတ်ဘဲ"

"နို့ ... ဘာဖြစ်လို့ ခင်ဗျားက သူ့နောက်က လိုက်လာရတာလဲ"

"အဲဒါက... သူ့နာမည်သိချင်လို့ ကျွန်တော်က နောက်ကလိုက်မေးနေတာဗျ..."

"ဒီလိုဆို... မိတ်ဆွေက ဒီငွေကို စိုက်ပြီး မရှင်းနိုင်ဘူးပေါ့..."

မန်နေဂျာက ခပ်ဆတ်ဆတ်အသံနှင့် အေးကျော်အား မေးလိုက်လေသည်။

mgyoe.com

mgyoe.com

"ကျွန်တော်နဲ့မှ မဆိုင်တဲ့ဟာကို ကျွန်တော်က ဘာဖြစ်လို့ရှင်းရမှာလဲဗျ..."

"ကောင်းပြီ... ဒီလိုဆို... ကျွန်တော်တို့ကလည်း ငွေကို အဆုံးမခံနိုင်တဲ့အတွက် ဂါတ်ကို တိုင်ရလိမ့်မယ်"

ပြောပြောဆိုဆိုနှင့် မန်နေဂျာသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်လေရာ...အေးကျော်မှာ လန့်၍သွားခဲ့ပြီး...

"နေ...နေ...နေပါဦးဗျ... ဂါတ်ကိုတော့ မတိုင်ပါနဲ့ဦး..."ဟူ၍ လှမ်းတားထားလိုက်ရလေသည်။ တကယ်ဆိုတော့ အေးကျော်မှာ သတင်းစာဆရာတစ်ဦးဖြစ်နေသဖြင့် ဤအကြောင်းကို ဂါတ်တိုင်၍ ရဲဘက်က သိရှိသွားခဲ့လျှင် မိန်းမပျိုတစ်ဦး၏ တစ်ပတ်ရိုက်ကို ခံလိုက်ရသော သူ့အတွက် သတင်းထောက်များပါ သိရှိသွားပြီး တစ်သက်လုံးပြောစမှတ်ဖြစ်ကာနေလေတော့မည်။ သူ့အနေနဲ့ ထိုအဖြစ်မျိုးကိုတော့ အရောက်မခံလိုပေ။

"ကဲ... ဂါတ်ကို မတိုင်စေချင်ရင် ကျသင့်ငွေကို ရှင်းပေတော့"

မန်နေဂျာက မျက်နှာခပ်တင်းတင်းနှင့် အေးကျော်အား ပြောလိုက်လေသည်။

"အေးဗျာ... ရှင်းဆိုလည်း ရှင်းပါ့မယ် ... ဒါပေမဲ့ ခက်နေတာက အခု ကျွန်တော့်အိတ်ထဲမှ ငါးဆယ်ပဲ ပါလာတယ် ... ခင်ဗျားတို့ရဲ့ ကျသင့်ငွေကို အပြေပေးဖို့ မပါဘူး ... ဒါကြောင့် ကျန်ငွေကို ကျွန်တော် အိမ်ပြန်ပြီး ယူပေးပါရစေ"

"ဟာ ... ဒီလိုတော့ ဘယ်ဖြစ်မလဲ ... ခင်ဗျားကိုလည်း ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး ယုံရမလဲ ... ဒီတော့ ခင်ဗျားမှာရှိတဲ့ ပစ္စည်းတစ်ခုခုကို အပေါင် သဘောနဲ့ထားခဲ့ဗျာ... နောက်... ခင်ဗျားရဲ့ ငွေကိုပြန်ယူပြီးမှ ဒီပစ္စည်းကို ရွေးယူပေါ့"

မန်နေဂျာ၏စကားအတိုင်း နောက်ဆုံးတွင်တော့ အေးကျော်မှာ သဘောတူလိုက်ရလေသည်။ ထိုကြောင့် သူသည် သူ၏လက်ထဲတွင် ပတ်ထားသော တန်ဖိုးငါးရာကျော်တန်သည့် မိုဗာဒိုနာရီကို ဖြုတ်၍ အပေါင်သဘောနှင့်ပေးခဲ့ရလေသည်။

သူ့အား လူလည်လုပ်ကာ တစ်ပတ်ရိုက်သွားသော မိန်းမပျိုကို

mgyoe.com

mgyoe.com
လည်း ဒေါသထွက်လိုက်သည်မှာ အစိမ်းလိုက်သုပ်၍ စားချင်မတတ်ပေ။

(၄)

ထိုအဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီး တစ်ပတ်ခန့်အကြာတွင် အေးကျော်ထံသို့ သူ၏မိဘနှစ်ပါးမှာ စာမပေး ဘာမပေးနှင့် ရုတ်တရက် ရောက်ရှိ၍လာခဲ့လေသည်။

"မေမေတို့ကလည်းဗျာ ... ရန်ကုန်ကို လာတာ အသံမပေး ဘာမပေးနဲ့ ဒီလို လာမယ်ဆိုရင်လည်း စာကို ကြိုကြိုတင်တင် ရေးလိုက်ရောပေါ့..."

အေးကျော်က သူ့မိခင်အားဆီး၍ အပြစ်တင်လိုက်လေသည်။

"တို့လည်း အစကတော့ လာမယ်လို့ စိတ်မကူးပါဘူး ... ဒါပေမဲ့ အခုလို ရုတ်တရက် ထွက်လာဖို့ကိစ္စက ပေါ်လာခဲ့တာကိုကွ၊ ဒါကြောင့် မင်းဆီကိုတောင် ကြိုတင်အကြောင်းမကြားနိုင်ဘဲ ထွက်ခဲ့ရတာကွ"

အေးကျော်၏ ဖခင်က မိခင်ကိုယ်စား ဝင်ရောက်ရှင်းလင်း ပြောပြလိုက်လေသည်။

ထိုနောက် အေးကျော်၏ မိခင်က ...

"ကဲ လူလေး ... အဝတ်အစားလဲပြီး မေမေတို့နဲ့ လိုက်ခဲ့ပေတော့"

"ဟာ ... မေမေကလည်း ခဏတစ်ဖြုတ်တောင် မနားတော့ဘူးလား၊ ဘယ်ကိုသွားမှာမို့လို့လဲ ဒီအိမ်မှာ မတည်းဘူးလား"

"ဟင့်အင်း တို့ဒီမှာ မတည်းပါဘူး၊ သော်မဆင်လမ်းက တိုက်မှာ တည်းမယ် မင်းလည်းနောက်ကို အဲဒီတိုက်မှာပဲ နေရမယ်"

"ဗျာ ... ဘာဖြစ်လို့လဲ ကျွန်တော်တော့ ဒီအိမ်ကလွဲပြီး ဒီပြင်ဆီမှာ မနေချင်ဘူး၊ ဒီမှာက လွတ်လပ်တယ် မေမေရဲ့"

"အေး... ဒီမှာထက် ဟိုမှာက ပိုပြီးပျော်စရာလည်းကောင်း လွတ်လည်းလွတ်လပ်ဦးမယ်၊ ဘာဖြစ်လို့လဲ မင်းသိရဲ့လား"

အေးကျော်၏မိခင်က သားဖြစ်သူအား ပြုံးစေ့စေ့နှင့် မေးလိုက်လေသည်။

"ဘယ်သိမလဲ၊ မေမေရဲ့ ပြောစမ်းပါဦး"
mgyoe.com

mgyoe.com

"မင်းရဲ့ယောက္ခမလောင်းကြီးအိမ်မို့ ပြောတာပေါ့ကွဲ့၊ သူ့သမီး ခင်ထားမှုနဲ့ မင်းကို နေရာချထားပေးကြမလို့၊ ဒါကြောင့် မင်းရဲ့ ဇနီးလောင်းနဲ့ မင်းယောက္ခမကြီးတွေကို မြင်ရအောင် မင်းကိုပြမလို့ လာခေါ်တာသားရဲ့"

"ဟာ ... မေမေတို့ကတော့ လုပ်လိုက်ရင် အရမ်းချည်းပဲ၊ ကျွန်တော့်ကိုလည်း နည်းနည်းပါးပါး တိုင်ပင်ဦးမှပေါ့၊ ခုတော့ ကျွန်တော် မသိရဘဲနဲ့ အလကား ဒါတွေလျှောက်လုပ်တယ်။ ကျွန်တော်တော့ မေမေအခုပြောတဲ့ မိန်းကလေးကို မလိုချင်ဘူး၊ အဲဒီကိုလိုက်လည်း မလိုက်ချင်ဘူး"

အေးကျော်က စိတ်နှလုံးမချမ်းမြေ့စွာနှင့် ပြန်ပြောလိုက်လေသည်။

အေးကျော်၏စကားအဆုံးတွင် အေးကျော် ဖခင်က ဝင်၍ပြောလိုက်လေသည်။

"မဟုတ်သေးပါဘူးကွာ ... မင့်ဟာက ကာယကံရှင် မိန်းကလေးကို ဖြူတယ် မည်းတယ်လည်း လိုက်ကြည့်သေးတာ မဟုတ်ဘဲနဲ့... ဒီက နေပြီး အတွင်သာကန်ငြင်းနေလို့ ဖြစ်မလားဟ ... တို့တစ်တွေအနေနဲ့တော့ မင်းဟာ မိဘစကားကို ဘယ်တုံးကမှ ငြင်းခဲ့တဲ့သူလည်းမဟုတ်လို့ တစ်ကြောင်း... မင်းရဲ့ကောင်းစားရေးလည်းဖြစ်နေတာကတစ်ကြောင်းမို့ မင်းကို မတိုင်ပင်ဘဲ ဒီကိစ္စကိုလုပ်ခဲ့တာပဲ... အဲဒီတော့ မင်းသဘောတူတာမတူတာကို ခဏလောက် ဘေးဖယ်ထားပြီး တို့နဲ့အခု လိုက်ခဲ့စေချင်တယ်..."

ဖခင်ဖြစ်သူ၏ စကားအဆုံးတွင် အေးကျော်မှာ မငြင်းဆန်နိုင်တော့ဘဲ အဝတ်အစားများ လဲလှယ်၍ မိဘများနှင့်အတူ ယောက္ခမလောင်း အိမ်သို့ လိုက်ပါသွားခဲ့ရလေသည်။

သော်မဆင်လမ်းတွင်းရှိ သပ်ရပ်သော ခေတ်မီနှစ်ထပ်တိုက်ဝါကလေးရှေ့သို့ ရောက်ရှိလေလျှင် အေးကျော်တို့ စီးနင်းလိုက်ပါလာခဲ့ သော သုံးဘီးကားကလေးမှာ ထိုးရပ်လိုက်လေသည်။

"ဆဲ... လာဟေ့... ဒီတိုက်ပဲကွဲ့"

အေးကျော်၏ ဖခင်သည် သုံးဘီးကားပေါ်မှာ ပထမဆုံး ဆင်းလိုက်ပြီးနောက် အေးကျော်အား ပြောလိုက်လေသည်။

ထိုကြောင့် အေးကျော်သည် သူ့မိဘနှစ်ပါး၏ လက်ဆွဲသားရေသေတ္တာနှင့်အိပ်ရာလိပ်များကို ဆွဲယူ၍ သူ့ဖခင်၏နောက်မှ လိုက်ပါခဲ့လေ

mgyoe.com

mgyoe.com


သည်။ သူ၏ မိခင်ကတော့ အညာမှ ယူဆောင်လာခဲ့သော ပုန်းရည်ကြီး အိုးကလေးကို ကိုင်၍ နောက်ဆုံးမှ လိုက်ခဲ့လေသည်။

"ဟာ ... ဦးတင်ထူးတို့ပါလား ... ကျွန်တော်က ဘယ်သူတွေများ လဲလို့... လာကြဖျို့..."

သူတို့အား တိုက်တွင်းမှ အသက်ငါးဆယ်အရွယ်ခန့်ရှိ ဝဝတုတ် တုတ် လူကြီးတစ်ဦးက ဝမ်းသာအားရနှင့် ဆီးကြိုကာ နှုတ်ဆက်လိုက်လေ သည်။

ထိုလူကြီး၏ နှုတ်ဆက်သံကြောင့် နောက်ဖေးခန်းမှ အသက် အရွယ် လေးဆယ်ကျော်ခန့်ရှိ အသားဖြူဖြူနှင့် မိန်းမချောချော ခုံခုံကြီး တစ်ဦးမှာ အိမ်ရှေ့သို့ ပျာယီးပျာယာနှင့် ထွက်လာခဲ့လေသည်။

အိမ်ရှေ့သို့ရောက်၍ အေးကျော်တို့ လူသိုက်အား တွေ့မြင်လိုက်ရ လျှင် ဝမ်းသာအားရဖြစ်ကာ လှမ်းပြောလိုက်လေသည်။

"လာမယ့်လာတော့လည်း မြန်လှချည်လား မအေးကြည်ရဲ့၊ ကျွန်မ တို့က နောက်အပတ်လောက်မှ လာကြမယ်ထင်နေတာ"

"ဟုတ်ကဲ့ ... ကျွန်တော်တို့လည်း ပထမတော့ နောက်အပတ် လောက်မှ လာကြဖို့ပါပဲ။ ဒါပေမဲ့ ဒေါ်ရွှေတို့ ရေးလိုက်တဲ့စာက အင်မတန်ကို အရေးကြီးတဲ့ ကိစ္စရှိလို့ဆိုပြီး ရေးထားတော့ ကျွန်တော်တို့မှာ အချိန်ဆွဲ မနေနိုင်ဘဲ အခုလို ချက်ချင်းလာခဲ့ကြရတာပဲ"

အေးကျော်၏ ဖခင်က ပြန်ပြော၍ အဆုံးတွင် အေးကျော်၏ မိခင် ကလည်း ဝင်ပြောလိုက်ပြန်လေသည်။

"ဟုတ်တယ် မရွှေရဲ့... မရွှေတို့ရေးလိုက်တဲ့စာက အထိတ်တလန့် နဲ့မို့ အခုလို အမြန်ဆုံးလာခဲ့ကြရတာပေါ့..."

ထိုနောက်တော့ သူတို့အားလုံးသည် ဧည့်ခန်းတွင်းသို့ သွားခဲ့ကြ ပြီးနောက် ဆိုဖာကုလားထိုင်ကြီးများပေါ်တွင် မျက်နှာချင်းဆိုင် ဝိုင်းစု၍ ထိုင်လိုက်ကြလေသည်။

"ဒါထက် ခင်ထားမှူ တစ်ယောက်ကော... မမြင်ပါလား"

အေးကျော်၏ မိခင်က ဟိုဟိုသည်သည် ကြည့်ရှုရင်း လှမ်းမေး လိုက်လေသည်။

mgyoe.com

mgyoe.com
"အပြင်ကိုသွားနေတယ်လေ … မအေးကြည်ရဲ့ သမီးချောကတော့ ဒီလိုပဲရှင့်… အိမ်မှာကိုနေတယ်မရှိဘူး၊ သူ့အတွက်ဝယ်ပေးထားတဲ့ ကားတစ်စီးနဲ့ကိုယ်တိုင်မောင်းပြီး သူ့သူငယ်ချင်းတွေ အိမ်လျှောက်လည်နေတော့တာပဲ… အော်… ဒါထက် သူက ဘယ်သူလဲ"

ဒေါ်ရွှေက ပြန်လည်ဖြေကြားပြီးနောက် စကားကိုဆက်ကာ… အူကြောင်ကြောင်နှင့် ထိုင်နေသော အေးကျော်အားကြည့်၍ လှမ်းမေးလိုက်လေသည်။

"ကျွန်မသားလေ… မောင်အေးကျော်ဆိုတာ သူပေါ့၊ ဟဲ့သား… မေမေတို့ပြောပြောနေတဲ့ ဝတ်လုံတော်ရမင်း… ဦးဝင်းအောင်၊ ဒေါ်ရွှေဆိုတာ သူတို့ပဲကွ…"

အေးကျော်၏မိခင် ဒေါ်အေးကြည်က မိတ်ဆက်ပေးလိုက်ရာ အေးကျော်မှာ… ယဉ်ကျေးစွာဖြင့် ပြုံး၍ နှုတ်ဆက်လိုက်လေသည်။ အေးကျော် ဖခင်ကတော့ ဦးဝင်းအောင်ဘက်သို့လှည့်ကာ "ကိုင်း … အရေးကြီးတယ်ဆိုတဲ့ကိစ္စကို ပြောစမ်းပါဦးဗျ "ဟု ဦးဝင်းအောင်ကို မေးလိုက်လျှင်…

"အရေးကြီးဆို ဒီလိုလေဗျာ… ခပ်ရှင်းရှင်းပြောရရင် ကျွန်တော့်သမီးကို အခုလိုပဲ… ရေရှည်ဆွဲပြီး လွှတ်မထားချင်တော့ဘူး… ခေတ်ကလည်း စိတ်ချရတဲ့ခေတ်မဟုတ်တဲ့အတွက်… ဦးတင်ထူးရဲ့သားနဲ့ ကတိထားခဲ့ကြတဲ့အတိုင်း အမြန်ဆုံးလက်ထပ်ပေးလိုက်ချင်တာပဲ… ကျွန်တော်တို့က သမီးရှင်ဖြစ်ပြီး ဒီစကားမျိုးပြောရတာတော့ သိပ်မနိပ်ဘူး… ဒါပေမဲ့ မပြောရင်မဖြစ်လို့ပြောရတာပဲ ဘယ့်နှယ်လဲ…"

"အေးလေဗျာ… မြန်လေ ကျွန်တော်တို့ကတော့ ကြိုက်လေပဲပေါ့… ဒါထက် ဦးဝင်းအောင်ရဲ့ သမီးကကော ဒီအကြောင်း သိပြီးပလား… သဘောတူပုံကောရရဲ့လား…"

ဦးတင်ထူး၏ စကားအဆုံးတွင် ဒေါ်ရွှေက ဝင်၍ပြောလိုက်ပြန်လေသည်။

"သဘောတူတူ မတူတူ ဒင်းတို့ကောင်းစားဖို့ လုပ်တဲ့ဟာကို ဘာမှ ဂရုစိုက်နေဖို့မလိုဘူး၊ ဦးတင်ထူးရဲ့ သားသဘောက ဘယ်လိုဆိုတာသာ
mgyoe.com

mgyoe.com
ကျွန်မတို့ သိချင်တာပဲ ..."

"ဟာ ... ကျွန်မတို့သားဘက်ကလည်း စိတ်အေးရပါတယ် မရွှေ ရယ်...၊ ကဲ သား မင်းရဲ့သဘောကိုလည်း ပြောပြလိုက်လေ..."

အေးကျော်၏ မိခင် ဒေါ်အေးကြည်က အေးကျော်အား ပြုံးရွှင်စွာ နှင့်ကြည့်၍ သဘောထားကို ပြောပြရန်ခိုင်းလိုက်လေသည်။

"အင်း...ကျွန်တော့်သဘောထားကို ပြောရမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ငြင်းလည်း မငြင်းလိုသေးဘူး... သဘောလဲမတူချင် သေးဘူး... ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်ရေးကိစ္စဟာသိပ်ပြီးလွယ်ကူတဲ့ အလုပ်မဟုတ်လို့ပဲ၊ လူကြီးချင်းက ဘယ်လိုပဲပေးစားပေးစား လူငယ်ချင်းက လည်း မေတ္တာရှိကြဦးမှဖြစ်တာ ... ဒါကြောင့် ဒီကိစ္စကို အခုလို အလောသုံး ဆယ်မလုပ်ဘဲ ကျွန်တော်တို့ လူငယ်ချင်း ခင်မင်မှုရအောင် ပထမဆုံးကြိုးစား စေချင်တာပဲ"

အေးကျော်က စကားကြီးစကားကျယ်တွေပြောကာ မိကျောင်းမင်း ကို ရေခင်းပြနေ၏။ သူ့စကားအဆုံးတွင် သူ၏ဖခင် ဦးတင်ထူးက မဲ့ပြုံးပြုံး ကာ ဒေါ်ရွှေအား...

"ဒီမှာ ဒေါ်ရွှေရဲ့ ဒီကောင်က ခင်ထားမှုကို မမြင်ရသေးလို့ ဒီစကား ကို ပြောနေတာဗျာ၊ ဓာတ်ပုံလေး ဘာလေးရှိရင်ပြလိုက်စမ်းပါဗျာ.... ဓာတ်ပုံ ကိုသာ မြင်လိုက်ရရင် ခွေးမသားတစ်ခါတည်းကို ငမ်းငမ်းတက်ဖြစ်သွားမှာ ဗျ ဟား... ဟား ... ဟား"

ဦးတင်ထူးက ရယ်မော၍ ပြောဆိုလိုက်လျှင် ဇနီးဖြစ်သူ ဒေါ်အေး ကြည်မှာ "ခွေးမသား" ဟူသော စကားကြောင့် မကျေမနပ်ဖြစ်သွားပြီး...

"ရှင်ကလည်း စကားပြောရင် ဆဲဆဲပြီး ပြောတတ်တာဟာ ဝသီ ကြီးကိုဖြစ်နေတာပဲ ရှင်ဖြစ်တာက အရေးမကြီးဘူး၊ ရှင်ဆဲလိုက်တိုင်း "ခွေးမသား" ဆိုတာဟာ ပါပါနေတော့ ကျွန်မမှာ နေရင်းထိုင်ရင်း လူစင်စစ် က ခွေးဖြစ်ဖြစ်သွားတာက ခက်တယ်"

ဟူ၍ မကျေမနပ်နှင့် ပြန်ပက်လိုက်ရာ လူအားလုံးမှာ ဝါးကနဲ ပွဲကျ၍ သွားခဲ့ကြလေသည်။

ထိုနောက် ဒေါ်ရွှေက ထိုင်နေရာမှ ထရပ်လိုက်ပြီးနောက်
mgyoe.com

mgyee.com


အေးကျော်အား ခပ်ပြုံးပြုံးလှမ်းကြည့်ရင်း...

"ငါ့တူကို မင့်အဖေပြောတဲ့အတိုင်း ခင်ထားမူရဲ့ ဓာတ်ပုံကို ပြရဦးမယ်"

ဒေါ်ရွှေသည် အေးကျော်အား ပြောလိုက်ပြီးနောက် ဧည့်ခန်းမှ ခပ်သွက်သွက်ကလေး ထွက်သွားခဲ့လေသည်။ ဧည့်ခန်းမှ ထိုင်လျက်နေကြသူများကတော့ ဒေါ်ရွှေထွက်သွားသည်ကို ငြိမ်သက်စွာနှင့် ကြည့်ရှုနေကြလေသည်။ မိနစ်ဝက်ခန့်ကြာလျှင် ဒေါ်ရွှေသည် ခြောက်လက်မအရွယ် ဓာတ်ပုံတစ်ခုကို ကိုင်၍ ဝင်လာပြီးနောက် အေးကျော်အား လှမ်းပေးလိုက်၏။

"ရော့ ... အဲဒါပဲကွဲ့ အဒေါ်သမီး ခင်ထားမူဆိုတာ"

အေးကျော်သည် ဒေါ်ရွှေလှမ်းပေးသော ဓာတ်ပုံကို စိတ်မပါတပါနှင့်လှမ်းယူပြီးကြည့်လိုက်ရာ "ဟိုက်" ကနဲ အာမေဋိတ်သံကြီးဖြစ်ကာသွားပြီး မျက်နှာတစ်ခုလုံးမှာ ဝင်းထိန်၍သွားခဲ့လေသည်။

ဓာတ်ပုံထဲတွင် မြင်လိုက်ရသော ခင်ထားမူဆိုသူကား တခြားသူမဟုတ်ပေ။ သူအလွန်အမင်း စွဲလမ်းချစ်ကြိုက်၍နေသော သူနှင့်တွေ့တိုင်း ဘုကျခဲ့သည့် မိန်းမပျိုဖြစ်ကာနေသောကြောင့်ပင်။

"ဟကောင်ရ ... ဓာတ်ပုံကြီးကို ကြည့်နေလိုက်တာ... ဝါးစားမယ့်အတိုင်းပဲ... ဟား... ဟား... ဟား... ဟား"

ဖခင်ဖြစ်သူ ဦးတင်ထူးက အေးကျော်ဖြစ်နေပုံကို ကြည့်၍ လှမ်းနောက်လိုက်လေသည်။

"ခင်ထားမူဆိုတာ သူလား... ဒီလိုဆိုရင်တော့ စောစောက ကျွန်တော်ပြောခဲ့တဲ့ စကားတွေကို အကုန်လုံးပြန်ရုပ်သိမ်းတယ်... ကျွန်တော်တို့ကို အမြန်ဆုံးသာနေရာချပေးပေတော့ ဖေဖေ"

"ဟေ... မင့်ဟာက လျှော့မဲ့လျှော့တော့လည်း အလကားဆိုတာမျိုးလိုဖြစ်နေပါကလား။ ဟား... ဟား... ဟား... ဟား"

ဦးတင်ထူး၏ စကားအဆုံးတွင် ဦးဝင်းအောင်က ဝင်၍ မေးလိုက်လေသည်။

"နေပါဦး ... ငါ့တူကို ကြည့်ရတာ ဦးသမီး ခင်ထားမူကို သိနေပုံ

mgyee.com

mgyoe.com

ရတယ်... ဟုတ်သလား"

"ဟုတ်ကဲ့ သိပါတယ် ... ဒါပေမဲ့ လူချင်းသာသိကြတာ နာမည်ကို တော့ အခုမှပဲ ကျွန်တော်သိရတာပါ... သိကြတယ်ဆိုလို့... ကျွန်တော် တို့ နှစ်ယောက်ကို ခင်ခင်မင်မင်ရှိတယ် မထင်လိုက်နဲ့ဦး... သူနဲ့ ကျွန်တော် ဟာ သုံးကြိမ်တိတိ တွေ့ခဲ့ကြတာမှာ သုံးကြိမ်စလုံး ဘုဘောက်တွေ့ချည့် ကျခဲ့ကြတယ်..."

"ဩော်... ဘယ်လိုများ ဘုဘောက်တွေကျခဲ့လို့လဲ...

ဦးဝင်းအောင်က ပြုံး၍မေးလိုက်လျှင် အေးကျော်က... သူနှင့် ခင်ထားမူတို့ ဘုကျခဲ့ကြရသည့် ဇာတ်လမ်းစုံကို အစမှအဆုံး ပြောပြလိုက် ရာ နားထောင်နေသူ အားလုံးမှာ တဝါးဝါးနှင့် သဘောကျစွာ ရယ်မောနေကြ လေသည်။

"လက်စသတ်တော့ မင်းတို့နှစ်ယောက်ဟာ ခွေးနဲ့ကြောင်လို တွေ့ကြရင် ကိုက်ကြတော့တာပဲကိုး ဟား... ဟား... ဟား"

အေးကျော် ပြောပြသော ဇာတ်လမ်းအဆုံးတွင် ဖခင်ဖြစ်သူ ဦးတင်ထူးက သဘောကျစွာနှင့် ပြောလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ်လေ... ဟိုတုန်းက တစ်ယောက်နဲ့တစ်ယောက် အကြောင်းမသိခဲ့ကြလို့ ဘုကျခဲ့ကြပေမဲ့ အခုတော့ မင်းတို့နှစ်ယောက်ဟာ အဆင်ပြေကြပါလိမ့်မယ်ကွာ"

ဦးဝင်းအောင်က ခေါင်းတညိတ်ညိတ်နှင့် လုပ်ကာ ပြောလိုက် ၏။

"ဩော် ဒါထက်... ဦးတင်ထူး တို့ကို ပြောရဦးမယ်၊ ဂျပန်ခေတ် တုန်းက ကျွန်တော်တို့ကို စောင့်ရှောက်ခဲ့တဲ့ ဆရာတော် ဦးမေဓာဟာ အခု ခြောက်ထပ်ကြီးကျောင်းတိုက်မှာ သီတင်းသုံးနေတယ်ဗျ ... အဲဒါ ကျွန်တော် နဲ့ တွေ့တိုင်း ခင်ဗျားတို့ကိုချည့် မေးမေးနေတယ်... အခုနေ အချိန်ရတုန်း ကျွန်တော်တို့သွားတွေ့ကြရင် မကောင်းဘူးလား"

"ဟာ ကောင်းတာပေါ့ ... ဒီဆရာတော်ရဲ့ ကျေးဇူးဟာ ကျွန်တော် တို့အပေါ်မှာ အများကြီးရှိခဲ့တာပဲ သွားကြမှကောင်းမှာပေါ့"

"ကဲ ... ဒီလိုဆိုလည်း ထကြလေ... မောင်အေးကျော်ကိုတော့

mgyoe.com

mgyoe.com


ဒီမှာပဲထားခဲ့ကြတာပေါ့"

ဒေါ်အေးကြည်က ပြန်ပြောရင်း ထိုင်နေရာမှ ထလိုက်ရာ အေးကျော်မှအပ... ကျန်လူများမှာ ထိုင်နေရာမှ ထလိုက်ကြလေသည်။

ဒေါ်ရွှေသည် အေးကျော်အား ပြုံးရွှင်စွာနှင့်ကြည့်၍ "ဒီမှာ မောင်အေးကျော်... တော်တော်ကြာကြရင် မင်းနှမပြန်လာမှာပဲ... အဲဒါ ရန်တော့ဖြစ်မနေကြနဲ့ဦး... သူနဲ့ ကျေရာကျေကြောင်း ပြောပြီး တို့တစ်တွေ စိမ်ထားကြတဲ့ကိစ္စကိုပြောပြ၊ တို့လည်းသိပ်မကြာပါဘူး ပြန်လာကြမှာပါပဲ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်... ဒီအတွက်တော့ စိတ်ချသွားပါ။

"အေး... အေး ထမင်းစားချင်ရင်လည်း တို့ကိုစောင့်မနေနဲ့ နောက်ဖေးခန်းမှာ ခင်စိန်ရှိတယ်.... သူ့ကို အရူးခိုင်းပြီး စားနှင့်ပေတော့..."

ထိုသို့ပြောကြားပြီးနောက် လူကြီး လေးဦးမှာ ဧည့်ခန်းမကြီးမှ အပြင်သို့ ထွက်ခွာသွားခဲ့ကြလေသည်။

"ဘမိုရေ ... ဂိုဒေါင်က ကားထုတ်ခဲ့ဟေ့ ..."

ဦးဝင်းအောင်သည် တိုက်နှင့် ယှဉ်လျက် ဆောက်လုပ်ကာထားသော ကားဂိုဒေါင်ဘက်သို့ ကြည့်၍ လှမ်းအော်ပြောလိုက်လေသည်။ မိနစ်ဝက်ခန့်အကြာတွင် ကားဂိုဒေါင်တွင်းမှ အပြာရောင် အော်စတင်ကားကလေး တစ်စီးသည် မောင်းထွက်လာပြီးနောက် ဦးဝင်းအောင်တို့ ရပ်လျက်နေကြသော ရှေ့တွင် ထိုးရပ်လိုက်လေသည်။

သူတို့အားလုံး ကားပေါ်သို့ တက်၍အပြီးတွင် ကားကလေးမှာ မောင်းထွက်၍ သွားခဲ့လေသည်။

(၅)

လူကြီးများအားလုံး ထွက်သွား၍ ဆယ့်ငါးမိနစ်ခန့်အကြာတွင် ခင်ထားမူသည် အနီရောင် ဖီးယက် (စ်)ကားကလေးကို မောင်း၍ ရောက်ရှိလာခဲ့လေသည်။

ထိုအချိန်တွင် အေးကျော်မှာ ဧည့်ခန်းမကြီးတွင်ရှိသော မှန်ဗီရိုကြီးကိုဖွင့်၍ မှန်ဗီရိုတွင်းရှိ စာအုပ်များနှင့် ခင်ထားမူ၏ ဓာတ်ပုံအယ်(လ်)ဘမ် စာအုပ်များကို သဘောရှိ ထင်သလိုကြဲ၍ မွှေနှောက်နေခိုက်ဖြစ်လေသည်။

mgyoe.com

mgyoe.com

အိမ်ထဲတွင် အေးကျော်ရောက်ရှိနေမှန်း မသိသေးသော ခင်ထားမူမှာ သီချင်းကလေး တအေးအေးနှင့် ကားတွင်းမှဆင်း၍ တိုက်တွင်းသို့ ဝင်လာခဲ့လေသည်။

ဧည့်ခန်းမအဝသို့ အရောက်တွင် ခင်ထားမူသည် အခန်းတွင်းသို့ လှမ်းကြည့်လိုက်ရာ သူမကိုလည်း သမင်လည်ပြန် ပြန်လှည့်ကာ စာအုပ်တစ်အုပ်ကို ဖြန့်ကိုင်ရင်း ကြည့်နေသော အေးကျော်နှင့် အကြည့်ခြင်း ဆုံသွားကြလေသည်။

"ဟင် ... ဒါဒါ ရှင်ဘာလုပ်နေတာလဲ၊ ဘယ်သူ့အမိန့်နဲ့ ရှင်ဟာ ဒီအခန်းထဲကို ဝင်ရတာလဲ ပြောစမ်း ရှင့်ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲရမယ်သိလား"

မျက်နှာထားခပ်တင်းတင်းနှင့် ခင်ထားမူက အေးကျော်အား ကက်ကက်လန်အောင် ရန်တွေ့လိုက်လေသည်။

"အဲဒီတရားစွဲမယ်ဆိုတဲ့ စကားတွေကို မပြောခင် ကျုပ်ကို တစ်ပတ်ရိုက်ပြီး လုံချည်ဖိုးပေးခိုင်းတဲ့ ပိုက်ဆံကလေးတော့ ပထမဆုံး ရှင်းစမ်းပါဦးဗျာ"

အေးကျော်က အပြုံးမပျက်ဘဲ ခင်ထားမူကို ကြည့်၍ ပြန်ပြောလိုက်လေသည်။

"ပေးနိုင်ပါဘူး ... ဒါကတော့ ရှင် အလို့ ... ရှင်ခံလိုက်ရတာပဲဟာ အဲဒါရှင့်အတွက် သင်ခန်းစာပဲ"

"ဩော် ... ခင်ဗျားက ဒါကို ကျုပ်အတွက် သင်ခန်းစာလို့ ယူဆနေသလား ဟား ... ဟား ... ဟား ကျုပ်ကတော့ ဒီလိုမယူဆဘူး။ အဲဒီလို ခင်ဗျားအတွက် ကြားကစိုက်ပြီး ပေးလိုက်ရတဲ့ငွေဟာ မကြာခင်ဘဲ ခင်ဗျားကိုပါ အပိုင်သိမ်းပိုက်ရမယ့် နိမိတ်ပဲလို့ ယူဆခဲ့တာ ဟော အခုတော့ မှန်နေပြီပဲ"

အေးကျော်၏ စကားကို ကြားလိုက်ရလျှင် ... ခင်ထားမူမှာ ဆွေ့ဆွေ့ခုန်မတတ် ဒေါသဖြစ်ကာ သွားခဲ့လေတော့၏။

"ဘာ ဘာ ... ဘာပြောတယ်ရှင့် ... ရှင်စကားပြောတာ လူပါးဝလှချည့်လား... ရှင်အခု ဒီအိမ်က ထွက်သွားရင် ကောင်းလိမ့်မယ်"

mgyoe.com

mgyoe.com

"အိုး... ခင်ဖျားက ထွက်သွားဆိုတိုင်းသွားရမှာလား... ကျုပ်ဒီကိုလာတာ ထွက်ဖို့လာတာမှ မဟုတ်ဘဲ နေဖို့လာတာဗျ"

"အောင်မာ လူပါးဝလိုက်တာ နေဖို့တဲ့ ... ရှင်လို့ လူ့ဌစာ လူ့ဂုလန့်နဲ့ ဒီအိမ်နဲ့တန်လို့လား ... ရှင်လိုလူမျိုးကို နေဖို့မပြောနဲ့ အခုလို အိမ်ထဲမှာ ရောက်နေတာတောင် လွန်နေပြီ ... ဖေဖေသာ ဒီအကြောင်းသိရင် ရှင်ဟာ ထောင်ထဲကို ရောက်ပြီးသားပဲ"

"မရောက်ပါဘူးဗျာ... ခင်ဖျားရဲ့ ဖေဖေသာမကပါဘူး။ မေမေကပါ ကျေကျေနပ်နပ်ကြီး ဒီအိမ်မှာနေဖို့ ခွင့်ပေးခဲ့တာပဲဟာ... အင်း... ဒါပေမဲ့ ခင်ဖျားပြောသလို အချုပ်ထောင်တော့ရောက်မှာ မဟုတ်ဘူးဗျ... အဲ...အဲ အိမ်ထောင်တော့ကျလိမ့်မယ် ထင်တယ် ဟား... ဟား... ဟား" အေးကျော်မှာ သူ့စကားကိုသူ သဘောကျသွားဟန်ဖြင့် ရယ်မောနေလေသည်။

ထိုကဲ့သို့ သူတို့နှစ်ဦး စကားများသံကြောင့် နောက်ဖေးခန်းတွင် ချက်ပြုတ်နေသော အိမ်စေမကလေး ခင်စိန်မှာ ပြေးထွက်လာခဲ့ပြီးနောက် ခင်ထားမူအား "မမ... ဘာဖြစ်လို့ ရန်ဖြစ်နေရတာလဲ ... အဲဒီအစ်ကိုကြီးကို ဘဘကြီးနဲ့ မေမေကြီးက ထားသွားတာပါမမရဲ့"

ခင်စိန်၏စကားကို ကြားလိုက်ရလျှင် ခင်ထားမူမှာ အတော်ပင် အံ့သြ၍သွားခဲ့လေသည်။

"ဘာဖြစ်လို့ သူ့ကို ထားသွားရတာလဲ...သူနဲ့ ငါနဲ့ဟာ ရန်သူအော့တောက် ... ဖေဖေတို့များ လုပ်လိုက်ရင် ဌချည့်ပဲ ... စိတ်ညစ်ပါတယ်"

ခင်ထားမူက စိတ်ရှုပ်သွားဟန်ဖြင့် သူမ၏ခေါင်းမှ ဆံပင်များကို ညာလက်ဖြင့် ဆွဲကိုင်ကာ ကုတ်ပစ်လိုက်လေသည်။

"စိတ်တော့ မညစ်ပါနဲ့ဗျာ ... စိတ်ညစ်ရင် အသက်တိုတတ်သတဲ့ ဒါကြောင့် လူ့ဘဝကြီးမှာ အသက်ရှည်ရှည်နဲ့နေချင်ရင် ပျော်ပျော်သာနေစမ်းပါဗျာ..."

အေးကျော်က ဝင်ပြောလိုက်လေလျှင် ခင်ထားမူက မျက်စောင်းထိုးကာ ပြန်ကြည့်လိုက်ပြီးနောက်...

"ကျွန်မဘာသာ... အသက်တိုတို ရှည်ရှည် ရှင်နဲ့မဆိုင်ပါဘူး... အနေသာကြီးပါ"

mgyoe.com

mgyoe.com
"အဲဒါတော့... ခင်ဗျားမှားပြီ... အေးလေ... ကျုပ်နဲ့ဆိုင်တယ်မဆိုင်တယ်ဆိုတာ ခင်ဗျားရဲ့ မိဘတွေ အပြင်ကပြန်လာတော့ သိလိမ့်မပေါ့... ကျုပ်ကတော့ အလှူ့ရှင်မှန်းသိအောင် မဏ္ဍာပ်တိုင်ကို တက်ပြမနေတော့ပါဘူး... ဟဲ ဟဲ ဟဲ..."

"ဘာပြောတယ်ရှင့်...ဟင်း...လူပုံကိုက စပ်ဖြဲဖြဲနဲ့ ကျက်သရေတုံးလိုက်တာ"

ခင်ထားမူသည် အေးကျော်အား နှုတ်ခမ်းကြီး စူ၍ ရန်တွေ့ခဲ့ပြီးနောက် ချာကနဲ လှည့်ထွက်သွားသည်တွင် အေးကျော်က နောက်မှ လှမ်း၍...

"အဲဒီ မျက်နှာဟာ ကျက်သရေတုံးတဲ့ မျက်နှာမဟုတ်ဘူးဗျို့... ကျက်သရေရော မင်္ဂလာပါပြည့်စုံတဲ့ မျက်နှာဗျ ..."

ဟု ပြောကာ တဟားဟား နှင့် ရယ်မောရင်း ကျန်ရစ်ခဲ့လေသည်။

အိမ်စေမကလေး ခင်စိန်လည်း ခင်ထားမူ နောက်သို့လိုက်ပါသွားခဲ့ရလေသည်။

ခင်ထားမူနှင့် ဘောက်ကျ၍ အပြီးတွင် သူနှင့်ရွယ်တူငနဲတစ်ဦးတွင် ဘောက်ကျစရာဖြစ်လာခဲ့ပြန်လေသည်။

ဖြစ်ပုံကား... ခင်ထားမူ ထွက်သွား၍ တစ်မိနစ်ခန့်အကြာတွင် ခြောက်နှစ်ရွယ် ချာတိတ်ကလေးနှင့် သူ့အရွယ်ငနဲတစ်ဦးမှာ သူရှိရာ ဧည့်ခန်းတွင်းသို့ ရောက်ရှိလာခဲ့လေသည်။ သူ့အား ခြောက်နှစ်ရွယ် ချာတိတ်ကလေးက မကျေမနပ်နှင့် လက်ညှိုးထိုးကာပြပြီး...

"သူပေါ့ အစ်ကိုရ ... လဟာပြင်ဈေးမှာ မမနဲ့လည်း ရန်ဖြစ်တယ် ကျွန်တော့်ကိုလည်း သူတောင်းစားလေးလို့ ပြောတာ"

ထိုအသံကြောင့် အေးကျော်သည် လှည့်ကြည့်လိုက်ရာ လဟာပြင်ဈေးတွင် သူထမင်းစားခဲ့စဉ်က သူတောင်းစားကလေးဟု ထင်ကာ ဟင်းကျန်များ ပေးခဲ့မိသော ချာတိတ်ကလေးဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ချာတိတ်ကလေး၏ စကားအဆုံးတွင် သူ့အစ်ကိုသည် အေးကျော်အား စားမတတ်ဝါးမတတ်ကြည့်ကာ ရှေ့သို့တိုးကပ်လိုက်ပြီး...

"ခင်ဗျားက... ကျုပ်ညီကို သူတောင်းစားလို့ ပြောတယ်ဆို"

ထိုလူက မေးလိုက်လျှင် အေးကျော်က ခပ်ပြုံးပြုံးနှင့် "အေးဗျာ ... အဲဒီတုန်း
mgyoe.com

mgyoe.com

က ခင်ဗျားညီလေးရဲ့ အဝတ်အစားက ပေပေရေရေနဲ့မို့ ကျွန်တော် မှားပြီး ပြောမိတာပါ... ဒီအတွက် ခင်ဗျားကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ... စိတ်မဆိုးပါနဲ့"

"ဒီလိုတောင်းပန်လို့ ကျုပ်ကကျေရရိုးလားဗျ ... ပြီးတော့ ခင်ဗျား ဟာ ... ဒီအိမ်က မူမူကိုပါ ဘုဘောက်တွေ ပြောလွှတ်တယ်ဆို၊ ဒီအကြောင်း တွေ ကျုပ်ညီလေးက ပြန်ပြောလို့ ကျုပ်သိရပြီးကတည်းက ခင်ဗျားကို တွေ့ ချင်နေတာ... ခင်ဗျားနေရာမသိလို့ အခုထက်ထိ စောင့်ဆိုင်းနေခဲ့ရတယ်... ဒီနေ့တော့ ဒီအိမ်ကို ခင်ဗျား ရောက်လာတာကို ကျုပ်ညီလေးက ပြောပြလို့ ခင်ဗျားနဲ့ အခုလိုနှစ်ယောက်ချင်း တွေ့ဖို့ ချောင်းနေခဲ့တာ... အခုမှပဲ တွေ့ရ တော့တယ်"

လူရွယ်က လူမိုက်ဂိုက်နှင့် အေးကျော်အား ကြည့်၍ ပြောလိုက် လေရာ အေးကျော်က ဂရုမစိုက်ဟန်ဖြင့် အမေရိကန်မင်းသားတွေစတိုင် ပခုံးနှစ်ဖက်ကို တွန့်၍ လက်နှစ်ဖက်ကို ဖြန့်ပြလိုက်လေသည်။

ထိုအပြုအမူကြောင့် လူရွယ်မှာ အကြီးအကျယ်ဒေါပွသွားခဲ့လေ သည်။

"ဘာလဲ... ခင်ဗျားက ကျုပ်ကို နောက်နေတာလား"

"အလိုဗျာ မနောက်ရပါလား ... ကျုပ်ကတော့ ရိုးရိုးပါပဲ"

"ဘာရိုးရိုးလဲ... ခုနင်ကလည်း ခင်ဗျားဟာ... မူမူကို ဘုတွေပြော နေတာ ကျုပ်တို့ အပြင်က ချောင်းနားထောင်ခဲ့လို့ ကြားခဲ့ရတယ်... ဒီအတွက်လည်း ခင်ဗျားနဲ့ ကျုပ်စာရင်းရှင်းရလိမ့်မယ်"

"နေစမ်းပါဦး မိတ်ဆွေရဲ့ မူမူကို ဘုတွေပြောမိတာနဲ့ ကျွန်တော်နဲ့ ခင်ဗျားဟာ ဘာဆိုင်လို့ စာရင်းရှင်းရမှာလဲ၊ မူမူနဲ့ ခင်ဗျားဟာ ဘယ်လို ပတ်သက်နေလို့လည်း ပြောစမ်းပါဦး"

"မူမူဟာ ကျုပ်တို့နဲ့ အိမ်နီးနားချင်းလည်း ဖြစ်တယ်၊ ကျုပ်နဲ့ ကလပ်(စ်) မိတ်လည်း ဖြစ်ခဲ့တဲ့အတွက် မူမူကို ကျုပ်က စောင့်ရှောက်နေရ တာဗျ၊ ဒါကြောင့် မူမူကို နှောင့်ယှက်တဲ့သူမှန်ရင် ကျုပ်က အကာအကွယ် ပေးရမှာပဲ"

"ဟာ ဒီအတွက်တော့ ခင်ဗျား ကြားကနေပြီး ဒုက္ခခံမနေပါနဲ့

mgyoe.com

mgyoe.com

တော့ဗျာ... ရှေ့ကိုဆက်ပြီး မူမူအတွက် ဘော်ဒီဂတ်လုပ်ဖို့ ခင်ဗျားမလိုတော့ဘူး"

အေးကျော်က သရော်ပြီး ပြုံးရင်း ထိုလူအား ပြန်ပြောလိုက်လေရာ ထိုလူမှာ အတော်ပင် စိတ်ဆိုး၍လာခဲ့လေသည်။

"အောင်မာ ... ခင်ဗျားနဲ့ ဘာဆိုင်လို့ ကျုပ်ကို ဒီလိုပြောရတာလဲ"

"ဆိုင်လို့ပြောနေတာပေါ့၊ ဒီကနေ့စပြီး မူမူအတွက် ကျုပ်က တာဝန်ယူရတော့မှာကိုး ဟဲ ... ဟဲ၊ ဒါကြောင့် ခင်ဗျားကို မလိုတော့ဘူးလို့ ပြောနေတာပေါ့ အဲဒါကို ခင်ဗျားမယုံဘူးဆိုရင် မူမူ မိဘတွေအပြင်က ပြန်လာတော့ မေးကြည့်ပေါ့"

ထိုသို့ လူရွှယ်နှင့် အေးကျော်တို့မှာ စကားအချီအချပြောနေကြစဉ် ခင်ထားမူမှာ ဧည့်ခန်းသို့ရောက်ရှိလာပြီးနောက် လူရွယ်ကို မြင်လျှင် ....

"ဟင်... ကိုကိုမြင့်ပါလား"ဟု လှမ်းပြောလိုက်ပြီးနောက် အေးကျော်ဘက်သို့ မျက်စောင်းတစ်ချက်ထိုးကြည့်ကာ ..."သူနဲ့ ဘာဖြစ်နေကြတာလဲ..." ဟူ၍ ဆက်မေးလိုက်လေသည်။ ထိုအခါ အေးကျော်က လူရွယ်မဖြေမီ အရင်ဦးအောင်ပြန်၍ ခင်ထားမူအား ပြောလိုက်လေသည်။

"သူက ... မူမူရဲ့ ဘော်ဒီဂတ်ဆိုလို့ သူ့ကို ဒီနေ့ကစပြီး အလုပ်က ထုတ်လိုက်ပြီလို့ ကျုပ်က ပြောနေတာပါ ဟဲ ... ဟဲ ... ဟဲ ..."

အေးကျော်က ပြုံးစိစိနှင့် ပြောလိုက်လျှင် ခင်ထားမူမှာ ဒေါပွ၍သွားခဲ့လေသည်။

"ရှင်က ဒီလိုပြောနိုင်ရအောင် ကျွန်မနဲ့ ရှင်နဲ့ဟာ ဘာဆိုင်လို့လဲ... ရှင်စကားပြောတာက လူတစ်ဖက်သားကို အမြဲတမ်း တင်စီးပြီးပြောတယ်"

ခင်ထားမူ၏ စကားအဆုံးတွင် လူရွယ်သည် အေးကျော်နှင့် လူချင်းထိမတတ် ရှေ့သို့ကပ်လာပြီးနောက် အေးကျော်အား...

"ဟေ့လူ... ခင်ဗျားဒီအိမ်ထဲက မြန်မြန်ကလေးထွက်သွားရင် ကောင်းပါလိမ့်မယ်၊ နို့မို့ ကျုပ်လုပ်မိလိမ့်မယ်"

"ဗျာ ... ခင်ဗျားက ဘာဆိုင်လို့ ကျုပ်ကို နှင်ရတာလဲ... ကျုပ်က သာ ခင်ဗျားကို နှင်ရမှာ အဲဒီတော့ ခင်ဗျားသာ ခပ်မြန်မြန်ကလေး ဒီအိမ်က ကြွပါ။ နို့မို့ရင် ခင်ဗျားမလုပ်ခင် ကျုပ်ကစပြီး လုပ်မိလိမ့်မယ်"

mgyoe.com

mgyoe.com

ထိုကဲ့သို့ အေးကျော်နှင့် လူရွှယ်မှာ နောင်ဂျိန်ချမည့်ဟန်ပေါ်နေသဖြင့် ခင်ထားမူမှာ လူရွှယ်အား ဆွဲခေါ်လိုက်ပြီးနောက် ...

"ရန်ဖြစ်မနေစမ်းပါနဲ့ ကိုကိုမြင့်ရယ် ... ဖေဖေတို့ ပြန်လာတဲ့အခါ ကျမှ သူမိုက်ရိုင်းပုံကို မူမူအကုန်လုံး တိုင်ပြောပြလိုက်မယ် ..."

ခင်ထားမူ၏ စကားအဆုံး၌ အိမ်ရှေ့တွင် ကားတစ်စီး ထိုးရပ်သံကို ကြားလိုက်ရလေသည်။ ထိုကြောင့် ထွက်၍ ကြည့်ကြရာ လူကြီးတွေ ပြန်ရောက်လာကြသည်ကို တွေ့မြင်ကြရလေသည်။

"ဟင် ... ငါ့သမီးတောင် ပြန်ရောက်နေမှကိုး ... အလို ... မောင်မြင့်တို့ ညီအစ်ကိုလည်း ရှိပါလား ... ဘာလဲကွဲ့ ... မင်းနဲ့ ဟောဒီက မောင်အေးကျော်နဲ့ သိလို့လား"

ဦးဝင်းအောင်က အိမ်ထဲသို့လျှောက်၍ ဝင်လာရင်း ပြောလိုက်လျှင် ခင်ထားမူက ပါးစပ်ကို တစ်ချက်မဲ့လိုက်ပြီး ပြန်ဖြေလိုက်လေသည်။

"သိလို့ မဟုတ်ဘူး ဖေဖေ ... ဖေဖေ့ လူက စကားပြော မိုက်ရိုင်းလွန်းလို့ ရန်ဖြစ်ကြမယ့် ဆဲဆဲမှာ အခု ဖေဖေတို့ရောက်လာလို့ပေါ့ ..."

"ဟေ... ဘယ့်နှယ်လဲ မောင်အေးကျော် ငါ့သမီးပြောတာ ဟုတ်သလားကွ... ပြောစမ်းပါဦး... ငါ့တူရယ်"

ဦးဝင်းအောင်က မကျေနပ်သည့် မျက်နှာကို လုံးဝမပြဘဲ အေးအေးဆေးဆေးနှင့် အေးကျော်အား လှမ်းမေးလိုက်လေသည်။ အေးကျော်၏ မိဘနှစ်ပါးနှင့် ယောက္ခမလောင်း (အစ်မကြီး) တို့ကမူ မည်သို့မျှ ဝင်မပြောဘဲ အသာရပ်ကြည့်နေကြလေသည်။

"ဒါကတော့ ဦးရယ် ကျွန်တော့်အပေါ်မှာ ရိုင်းရိုင်း ဆက်ဆံတဲ့ သူမှန်ရင်...ကျွန်တော်ကတော့ ခပ်ရိုင်းရိုင်းပဲ ပြန်ဆက်ဆံတတ်တယ် ဦးရဲ့ ..."

"ဟေ ... ဟုတ်လိုက်လေကွာ .... ဒီစကားကလေးကို ငါတော့ သိပ်ကြိုက်တာပဲ....၊ ဒါပေါ့ကွ... ကိုယ့်အပေါ်ကောင်းရင်ပြန်ကောင်း၊ ဆိုးရင် ပြန်ဆိုးပေါ့ ဟား... ဟား... ဟား" .

"အို... ဖေဖေကလည်း ဘယ်လိုပြောလိုက်တာလဲ... ဖေဖေပြောပုံကြီးက တစ်ဖက်သတ်ကြလိုက်တာ ကိုမြင့်ကိုလည်း အားနာပါဦး ဖေဖေရဲ့"

mgyoe.com

 mgyoe.com 

ခင်ထားမူက ဖခင်ဖြစ်သူ ပြန်ဖြေပုံကို မကျေမနပ်နှင့် ပြောလိုက်လျှင် သူမ၏မိခင်ဒေါ်ရွှေက ဝင်ပြောလိုက်လေသည်။

"ဒီမှာ သမီး ... အားနာတာတွေ အားပါတာတွေ လျှောက်ပြောမနေနဲ့ ဟောဒီက မောင်အေးကျော်ကို သမီးနဲ့ ပေးစားဖို့ တို့လူကြီးချင်း ဂကားပြောထားပြီးပြီ။ အဲဒီတော့ တို့အနေနဲ့ ဒီပြင်လူစိတ်ဆိုးမှာထက် မောင်အေးကျော်စိတ်ဆိုးမှာကို စိုးရိမ်တယ်ကွဲ့၊ ဒါကြောင့် ညည်းအဖေက ဒီစကားမျိုးပြောတာပေါ့"

ဒေါ်ရွှေ၏စကားအဆုံးတွင် လူရွယ်မှာ ဆက်နေ၍သူ့ဘက်မှ အရေးမလှတော့မှန်းသိသဖြင့် တစ်ချိုးတည်းလစ်ထွက်ကာသွားလေသည်။

"ဒီ သူငယ်ပေါ့ရှင်၊ ခင်ထားမူကို လာလာပြီး ရစ်နေတာ ဒီအိမ်က ကောင်မကလည်း သူ့ဆိုရင် အရေးပေးလွန်းလို့ ကြာရင်တော့ ခက်ရချည်ရဲ့ လို့ဆိုပြီး ရှင်တို့ကို အမြန်စာရေးမှာရတာပဲ"

ဒေါ်ရွှေ၏ စကားအဆုံးတွင် ဦးဝင်းအောင်က ... "ကဲ ငါ့သမီးက လည်း အခုတော့ ဖေဖေတို့ စိမ်တာကို သိပြီမဟုတ်လား ... ငါ့သမီးက ဘယ်လိုသဘောရသလဲ" ဦးဝင်းအောင်က မေးလိုက်လျှင် ခင်ထားမူမှာ အေးကျော်အား တစ်ချက်လှမ်း၍ ကြည့်လိုက်ပြီးနောက်"

"သ ... သမီးသူ့ကိုတော့ မယူပါရစေနဲ့ ဖေဖေ"

"ဘာပြောတယ်၊ ဘာလဲ နင်က တို့စိမ်တာကို မနာခံချင်တဲ့ သဘောလား"

ဦးဝင်းအောင်က ဒေါသသံဖြင့် ပြန်မေးလိုက်လေသည်။

"ဒါကြောင့် မဟုတ်ပါဘူး ဖေဖေရယ် ... ဖေဖေတို့ စိမ်တာကို သမီးမငြင်းပါဘူး၊ ဒါပေမဲ့ သူနဲ့တော့ မပေးစားပါနဲ့ ဖေဖေရယ် သူကလွဲရင် သမီး ဘယ်သူ့ကိုပဲ ယူရယူရ ယူပါ့မယ်"

ထိုစကားကိုကြားလျှင် ဒေါ်ရွှေက ဖြတ်၍ ...

"နေစမ်းပါဦး ညည်းက မောင်အေးကျော်ကို ဘာဖြစ်လို့ ငြင်းနေရတာလဲ"

"ငြင်းရမှာပေါ့၊ သူနဲ့သမီးဟာ တွေ့လိုက်တိုင်း ရန်ချည့်ဖြစ်နေရတယ် မဟုတ်လား ... ဒီလိုရန်ဘက်ချင်း အိမ်ထောင်ပြုမိရင် သူက သမီးကို

mgyoe.com

mgyoe.com
အငြိုးနဲ့ နှိပ်စက်တော့မှာပေါ့ မေမေရဲ့၊ ဒါကြောင့် သမီးငြင်းရတာပါ"

ခင်ထားမူ၏စကားကို ကြားရလျှင် လူကြီးများမှာ ဝိုင်း၍ ပြိုင်တူ ရယ်မောလိုက်မိကြလေသည်။

"ကဲ မောင်အေးကျော် မင်းနမက ပြောနေတယ် ရန်ဘက်ချင်းမို့ အိမ်ထောင်ပြုလိုက်ရင် သူ့ကို နှိပ်စပ်မှာ စိုးလို့ပါတဲ့ မင်းသဘော ဘယ်လိုလဲ"

ဒေါ်ရွှေက အေးကျော်အား ပြုံး၍ ကြည့်ကာ မေးလိုက်လေသည်။

"အဲဒါတော့ ... သူမှားနေပြီ ဒေါ်ဒေါ် ... ကျွန်တော်အပေါ်မှာ သူဟာ သက်သက် အထင်အမြင် လွဲနေတာပါ ... မှန်တဲ့အတိုင်း ကျွန်တော် ပြောရရင် သူ့ကို စမြင်ခဲ့ရတဲ့ မုန့်ဟင်းခါးဆိုင်မှာကတည်းက ကျွန်တော်ဟာ အသည်းစွဲ ချစ်ခဲ့မိပါတယ် ... ဒါကြောင့်လည်း ဖေဖေတို့ မိန်းမပေးစားမယ် ဆိုတုန်းက သူမှန်းမသိရတဲ့အတွက် ကျွန်တော်ဟာ ဒီပြင် မိန်းကလေးမှတ်ပြီး ငြင်းခဲ့မိပါသေးတယ်... နောက် ဒီရောက်လို့ သူ့ဓာတ်ပုံကို မြင်ရမှ ကျွန်တော်နဲ့ ပေးစားမယ့်သူဟာ သူဖြစ်မှန်းသိရတဲ့အတွက် ကျွန်တော်ဟာ ဝမ်းသာအားရနဲ့ မင်္ဂလာကိစ္စကို သဘောတူခဲ့တယ်မဟုတ်လား ... ဒါတွေကို ထောက်ခြင်းအားဖြင့် သူ့ကို ချစ်တယ် မချစ်ဘူးဆိုတာ ရှင်းနေတာပဲ"

အေးကျော်က တစ်လုံးချင်း ရှင်းလင်းကာ ပြောပြလိုက်လေသည်။ အေးကျော်၏ ရှင်းပြချက်ကို ဒေါ်ရွှေသည် အလွန်ပင် ကျေနပ်အားရဖြစ်ကာ သွားခဲ့သဖြင့် ခင်ထားမူအား ...

"ကဲ ... သမီး ... သူအခု ရှင်းပြတာကို ကျေနပ်တယ် မဟုတ်လား"

"အို... ဒါကတော့... ဒီလိုပဲပြောမှာပေါ့ မေမေရဲ့... သမီးကို မြင်ကတည်းက ချစ်မိပါတယ်ဆိုရင်... ဘာဖြစ်လို့ သူဟာ သမီးနဲ့ စတွေ့ခဲ့ကြတဲ့ အချိန်ကစပြီး... အခုထက်ထိ ဘုတွေဘောက်တွေချည့် ပြောနေရတာလဲ..."

ခင်ထားမူ၏စကားကို ချက်ချင်းပင် အေးကျော်က ပြန်လည် ဖြေရှင်းပြလိုက်လေသည်။

"ဒါကတော့... ကျုပ်က မူမူ့ကို စိတ်ထဲက ချစ်နေပေမဲ့... ချစ်စကား မပြောရဲတဲ့အတွက် ဘုတွေချည့်ပြောနေမိတာ... ထားပါလေ... အခုအချိန်က စပြီး မူမူကို... ကျုပ်... အဲ အဲ... ကိုကျော်က ဘုဘောက်တွေ မပြောတော့ပါ ဘူး... ကျေနပ်ပါကွယ်"
mgyoe.com

mgyoe.com

အေးကျော်က ခင်ထားမူအား ပြုံးပြုံးကြီးကြည့်၍ တောင်းပန်လိုက်လေလျှင် ခင်ထားမူမှာ မျက်စောင်းတစ်ချက်ခဲကာ...

"သွားပါ ... လူကြီးကိုက မုန်းစရာကြီး..." ဟု ပြော၍ လူကြီးများအနီးမှ ချာခနဲလှည့်ကာ နောက်ဖေးခန်းသို့ ဝင်သွားခဲ့လေသည်။

ဒါကို လူအ အေးကျော်က ငေးကြည့်ရင်း ရပ်ကျန်ခဲ့သဖြင့် အနီးတွင်ရှိသော သူ့ဖခင်က...

"ဟဲ့ကောင်... ငအရဲ့... ဘာငိုင်ပြီး ရပ်နေရတာလဲ... သူ့နောက်ကိုလိုက်ပြီးချော့ပါလားကွ"ဟူ၍ ပြောလိုက်သဖြင့် အေးကျော်သည် သွက်လက်သောခြေလှမ်းများဖြင့် ခင်ထားမူနောက်သို့ လိုက်သွားခဲ့လေသည်။

အေးကျော်၏ ဖခင်ဦးတင်ထူးမှာ အေးကျော်အား နောက်မှနေ၍လှမ်းကြည့်လိုက်ပြီးနောက် ဦးဝင်းအောင်ဘက်သို့လှည့်ကာ ...

"တောက် ... ကျုပ်သားက သိပြီး ... အ တဲ့ကောင်ဗျ... ကျုပ်သူ့အရွယ်တုန်းကဆိုရင် ဘယ်ဒီလိုဟုတ်လိမ့်မတုံး... ဟောဒီက မအေးကြည်ကို..."

"အို ... တော်ကလည်း... ဘယ့်နှယ်ကလေးကလား စကားတွေပြောနေရတာလဲ"

ဒေါ်အေးကြည်က ပြောကာ ဦးတင်ထူး၏ ဗိုက်ကြောကို ဆွဲဆိတ်လိုက်ရာ ဦးတင်ထူးမှာ "အ လဲ့ လဲ့" ဟု နာကျင်စွာ အော်လိုက်သဖြင့်ကျန်လူအားလုံးမှာ တဟားဟားနှင့် ရယ်မောနေမိကြလေသတည်း။

သွေးသောက်၊ မှတ် ၂၀၀ (စက်တင်ဘာ၊ ၁၉၆၂)

❑

mgyoe.com

mgyoe.com

# ဂုတ်မှာပြတယ်ဆရာရေ့

စောဦး

"အို–အို–အို အဟင့်…အဟင့်…အဟင့်" ဓာတ်ကား၌ ဒါရိုက်တာ ကိုလင်းမြွေသည် မိမိထက် ဖြတ်ထိုးဉာဏ်ကောင်းသူ တစ်ဦးကို တွေ့ရသဖြင့် ထိုသူ့အား လူမသိအောင် တိတ်တိတ်ကျိတ်ခေါ်၍ လက်ကိုအားရပါးရဆွဲကာ ချီးကျူးခဲ့ရလေသည်။ အချီးကျူးခံရသူကား နာမည်ကျော်မင်းသားလက်ဟောင်းကြီး၊ ကိုကောင်းဓံဖြစ်၏။ ကိုကောင်းဓံကား သူ့ကို ဒါရိုက်တာ ကိုလင်းမြွေက တံခါးအလုံပိတ်ထားသော အလှပြင်အခန်းကလေးထဲ၌ အားရပါးရ လက်ကိုဆွဲ၍ ချီးကျူးစကား ပြောနေသောအချိန်တွင် ပြုံးခြင်း၊ ရယ်ခြင်း မပြုနိုင်ရှာပေ။ စောစောက မင်းသမီးတင်လှသွေး တစ်အားလွှဲ၍ ရိုက်လွှတ်လိုက်သော လက်ဝါးဒဏ်ကြောင့် တဖြည်းဖြည်း ဖူး၍ဖူး၍ ထလာနေသည့် မိမိ၏ ပါးတစ်ဖက်ကိုသာ လက်ကိုင်ပဝါနှင့် အသာဖိ၍ ကြပ်ပူတိုက်နေမိလေသည်။ သူ့လက်ဝဲဖက်ပါးပေါ်၌ ၂ ကြိမ် တိတိ ဆက်၍ ရိုက်လွှတ်လိုက်သော တင်လှသွေး၏ လက်ဝါးဒဏ်မှာ တနင်္ဂနွေတစ်ပတ် ကျော်ကျော်အထိ အရှိုးရာမပျောက်ဘဲ အညိုအမည်းစွဲလျက် ထင်ကျန်ရစ်ခဲ့ရာ ဤဆုလာဘ်မှ ဖြတ်ထိုးဉာဏ်ကောင်းခြင်းအတွက် ရရှိခဲ့သော ဆုလာဘ်ပင် ဖြစ်သည်ဟု "ရွှေဂန့်ဂေါ်"စတူဒီယိုထဲ၌ ယခုအထိ ပြောစမှတ်ပြုလျက် ရှိနေပေသေးသည်။

mgyoe.com

mgyoe.com

ဤအဖြစ်အပျက်ဖြစ်ပွားခဲ့သောအချိန်က မင်းသမီးတင်လှသွေးမှာ ယခုလောက် ထင်ရှားကျော်ကြားသော မင်းသမီးကြီးအဖြစ်သို့ မရောက်ရှာသေးပေ။ ရုပ်ရှင်အလုပ်ကို ဝါသနာပါလွန်းသဖြင့် သူ၏မိဘများက ဒါရိုက်တာ ကိုလင်းမြွေ၏ လက်သို့ အပ်ထားကာစ "မနူးမနပ် စိမ်းဆတ်ဆတ်" အခြေမျိုး၌သာ ရှိသေး၏။ ကိုလင်းမြွေက မင်းသားကိုကောင်းဖံအား "အို...အို...အို...အဟင့်...အဟင့်...အဟင့်..."ဇာတ်ထုပ်အတွက် စာချုပ်ပြီး စရန်ငွေထုတ်ပေးနေသည့်အချိန်အထိ ကိုကောင်းဖံမှာ သူနှင့်တွဲရမည့် မင်းသမီး မည်သူမည်ဝါဖြစ်သည်ကို မသိရသေးချေ။ ကိုလင်းမြွေက...

"ဒီကားမှာ ကျုပ်ကျုံးသွင်းထားတဲ့အရိုင်းမကလေးတစ်ကောင်ကို ခင်ဗျားနဲ့ တွဲပြီးထုတ်မလို့ပဲ။ တကားမှ မရိုက်ဖူးသေးဘူး။ ဒါပေမဲ့ အလားအလာတော့ တကယ်ရှိတဲ့ ကောင်မကလေးပဲ။ ဒီကား တစ်ကားတည်းနဲ့ စွံဖို့ သေချာတယ်။ ဂုဏ်သရေရှိ မိကောင်း ဖခင်သားသမီးဗျ..."ဟု ရှင်းပြမှ ကိုကောင်းဖံမှာ ရုပ်ရှင်ကင်မရာ ရှေ့သို့ တစ်ကြိမ်တစ်ခါဖူးမျှ မရပ်ဘူးသေးသော မင်းသမီးသစ် တစ်လက်နှင့် တွဲရတော့မည်ကို နားလည်ရတော့သည်။

ကိုကောင်းဖံမှာ မင်းသမီးသစ်များနှင့် တွဲရမည်ကို အလွန်ဝန်လေးလှသူဖြစ်သည်။ ဤကား နာမည်ကျော်ပြီးသား မင်းသား မင်းသမီးတိုင်းတွင် ဖြစ်ပေါ်လေ့ရှိသော ကြောင့်ကြမှုမျိုးပင် ဖြစ်သည်။ မိမိတို့နှင့်တွဲရမည့်သူများမှာ အသစ်စက်စက်ပင် ဖြစ်စေကာ ပါးရည်နပ်ရည် ရှိသူများဖြစ်လျှင်ကား တော်ပေသေး၏။ ထုံထိုင်းထိုင်း ဖျင်းအအ,များ ဖြစ်နေပါမူ ၎င်းတို့နဲ့ တွဲရသော နာမည်ကြီးများပင် အဖျင်းအအ, ကူးသွားတတ်သည်ဟု အယူရှိထားကြသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဆရာရယ်...အပေးအယူလုပ်တတ်ရင် ပြီးတာပါပဲ။ ပညာသည်ချင်းမှာ အပေးအယူသဘောမှ နားမလည်ရင် အားလုံး အိုးနင်းခွက်နင်း ဖြစ်ကုန်တတ်တာ ဆရာလည်း အသိသားပဲ။ ကျွန်တော့်ဖက်ကတော့ စိတ်ချပါ။ ကိုတတ်နိုင်သလောက်တော့ တွဲခေါ်သွားမှာပဲ..."ဟု ကိုကောင်းဖံက ပြောလေသည်။

ကိုလင်းမြွေက ဘာမှပြန်မပြောဘဲ စာပွဲပေါ်မှ ခေါင်းလောင်းကလေးကို တီးလိုက်လေသည်။ ထို့နောက် အခန်းထဲသို့ ဝင်လာသော အပေါက်

mgyoe.com

mgyoe.com
စောင့်ကလေးအား "တင်လှသွေးကို သွားခေါ်ချေ"ဟု ခိုင်းလိုက်၏။

နောက်တစ်နာရီခန့်ကြာ၍ အခန်းထဲမှ တင်လှသွေးထွက်သွားသော အခါ၌ ကိုကောင်းဇံက ကိုလင်းမြွေအား သူ၏ ထင်မြင်ချက်ကို အောက်ပါ အတိုင်း ပြောပြလျက်ရှိလေသည်။

"ရုပ်ရော၊ ကိုယ်လုံး ကိုယ်ပေါက်ရော၊ ငယ်ဂုဏ်ရော၊ အသံရော၊ ဘာမှပြောစရာ မရှိဘူးဆရာ။ ဒါပေမဲ့..."

"ဒါပေမဲ့...ဘာဖြစ်သလဲဗျ..."ဟု ကိုလင်းမြွေက ပြုံး၍ ဝင် ထောက်လိုက်၏။

"ကောင်မကလေးအမူအရာက ရှက်ကိုးရှက်ကန်းနဲ့ ဒီလိုသာ ရှက်နေ ရင် ကျွန်တော်တို့ အလုပ်နဲ့ ဖြစ်ပါမလားလို့..."ဟု ကိုကောင်းဇံက သူ၏ စိုးရိမ်မှုကို ပြောပြလေသည်။

"ဒါကတော့ဗျာ။ အပျိုအစစ်၊ အပျိုရိုင်းကလေးပဲ။ မရှက်ဘဲနေ မလား...ဒီကလေးမ ကလေးဟာ ကျုပ်မျက်စိအောက်မှာ ကြီးတာဗျ။ အင်မတန် စည်းကမ်းကြီးပြီး အရှက်အကြောက်ကြီးတဲ့ မိဘမျိုးရိုးက ဆင်းသက်လာတော့ မရှက်နဲ့လို့ပြောလို့ရမှာ မဟုတ်ဘူး။ အလုပ်လုပ်ရင်းနဲ့ တဖြည်းဖြည်းတော့ ယဉ်ပါးလာမှာပေါ့ဗျာ"ဟု ကိုလင်းမြွေက ပြောပြရင်း ကိုကောင်းဇံ၏ ထူထဲနက်မှောင်လှသော မျက်ခုံးမွေးများကို စိုက်ကြည့် လျက်...

"ဒီလိုဗျာ...ခင်ဗျားက ကျောင်းအုပ်ကြီး။ ဣန္ဒြေသိက္ခာ သမာဓိနဲ့ ပြည့်စုံပြီး တစ်မြို့လုံးက ကြည်ညိုလေးစားတယ်။ အသက်က လေးဆယ် နီးပါး၊ မယားမရှိ၊ လူပျိုကြီး။ သူက အပျိုပေါက်စွန်မြီး ဆံထောက်ကလေး နဲ့ ၈-တန်း ကျောင်းသူ၊ ရှက်သွေးဖြန်းတုန်းအရွယ်။ ကျုပ်ဇာတ်လမ်းက ဒီလိုဆင်ထားတော့ ခင်ဗျားလည်း ခင်ဗျားလုပ်ရမယ့် နေရာနဲ့ကိုက်သလို၊ ကျုပ်မင်းသမီးလည်း သူလုပ်ရမယ့်နေရာနဲ့ သူကိုက်ကောင်းပါရဲ့..."ဟု ရှင်းပြနေလေသည်။

ကိုကောင်းဇံသည် ဆေးမဆိုးဘဲ နီထွေးလျက်ရှိသော တင်လှသွေး၏ နှုတ်ခမ်းကလေးများနှင့် ပန်းနုရောင် သန်းနေသော ပါးမို့ကလေးများကို ပြေး၍ သတိရမိရင်း သူ၏ထူထဲသော မျက်ခုံးကြီးများကို အထက်သို့
mgyoe.com

mgyoe.com
ပင့်လျက် ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

နောက်တနင်္ဂနွေ ၃ ပတ်ခန့်မျှ ကြာသောအခါ ရွှေဂန့်ဂေါ် စတူဒီယို၌ ကန်တော့ပွဲပေးပြီး "အို...အို...အို...အဟင့်...အဟင့်...အဟင့်"ကို စတင်ရိုက်ကူးလေ၏။

(၂)

"တင်တင်လေ...ဟို...ငယ်ငယ်ကလေးထဲက စပြီး...ဆရာပါတဲ့ ဇာတ်ကားတွေကို ကြည့်လာခဲ့တာဆရာ...။ တင်တင်လေ...ဆရာပါတဲ့ ကားဆိုရင် ဘယ်ကားမှ မလွတ်ခဲ့ဘူး။ တင်တင် အကြိုက်ဆုံး မင်းသားဟာ ဆရာပဲလို့ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်အကြောင်း ပြောတိုင်း ပြောရသေးတယ်။ အခုလို ဆရာနဲ့တင်တင်၊ တွဲပြီးကားရိုက်ရလိမ့်မယ်လို့ ဘယ်တုံးကမှ မမျှော်လင့်ခဲ့မိဘူး။ အခုတော့...တင်တင် ဘယ်လောက် ကုသိုလ်ကံကောင်းလဲ–ဟင်။ တင်တင်ရဲ့ ပထမဆုံး ပွဲဦးထွက်ကား၊ ဟော...တင်တင့်အကြိုက် မင်းသားကျော်ကြီးနဲ့လည်း တွဲရတယ်။ တင်တင့်ကို သင်ပြပါဆရာ...နော်။ တင်တင် ညံ့နေရင်လေ ဘာမှ အားမနာနဲ့သိလား။ တစ်ခါတည်းရိုက်ပြီးသာ သင်၊ ရိုက်နော်ဆရာ...ရိုက်သာရိုက်။ တင်တင်ဝါသနာပါလွန်းလို့ပါ။ ဘယ်လို ဝါသနာပါမှန်း မသိဘူး။ ဖေဖေတို့ကဆိုရင် ဒီအလုပ်ကို နည်းနည်းမှ သဘောကျတာ မဟုတ်ဘူး။ ခွင့်မပြုရင် ကန်တော်ကြီးထဲ ဆင်းသေပစ်လိုက်မယ်...လို့ ပြောတာနဲ့ သဘောမကျဘဲနဲ့ ဦးလေးလင်း လက်ထဲကို အပ်ကြရတာ သိလား...တင့်တင့်ကို တပည့်ရင်းလို သင်ပြပါနော်ဆရာ..."

ကလေးလေးလို ချွဲတတ်သော တင်လှသွေးအား ကိုကောင်းဇံက လိုလိုချင်ချင်နှင့်ပင် သင်ပြညွှန်ကြား၍ ပေးရလေသည်။ တင်လှသွေးကလည်း ကြိုးစားလေသည်။ ဒါရိုက်တာ ကိုလင်းမြွေကား ကိုကောင်းဇံ့လောက် စိတ်ရှည်ဟန်မတူပေ။ တစ်ခါတစ်ခါ တင်လှသွေးသည် ကိုလင်းမြွေ၏ အဟိန်းအဟောက်ကြောင့် ငိုရ၏။ မျက်ရည်ဖြိုင်ဖြိုင်ကျရ၏။ ထမင်းပွဲ၊ ဟင်းပွဲကိုပင် မကြည့်ချင်တော့သည့်အထိ ရင်ထဲ အသည်းထဲ၌ ဆို့နင့်၍ သွားရလေသည်။

"ဦးလေးလင်းဟာ ဒါလောက် ရက်စက်မှန်း အစကမသိဘူးဆရာ..."

mgyoe.com

တင်တင်လည်း ကြိုးစားတာပါပဲ။ အခုမှ ဒီအလုပ်မျိုးလုပ်ရခါစဆိုတော့ နာမည်ကျော်မင်းသားကြီးတွေလို ဘယ်မှာ ဌာန်ကရိုဏ်းကျနိုင်ပါ့မလဲ..."ဟု တင်လှသွေးက ကိုကောင်းဖဲကို တိုင်တမ်းလေ့ရှိသည်။ ဤအခါမျိုး၌ ကိုကောင်းဖဲက ရယ်စရာစကားကလေးများဖြင့် တင်လှသွေးစိတ်အားတက်လာအောင် အားပေးတတ်လေသည်။

"မင်းကလည်း တယ်အားပျော့တာကိုးကွ။ ရုပ်ရှင်လုပ်ငန်းဆိုတာ ဒီလိုပဲ။ မင့်ဦးလေးဟာ မင့်မို့လို့ အခုလို ကြိမ်းတာ။ တခြား မင်းသမီးတွေဆိုရင် ဘယ်...ဒါလောက် စိတ်ရှည်လိမ့်မလဲ။ မင့်ဦးလေးအကြောင်း မင်းအသိသား မဟုတ်လား။ စိတ်က လက်တစ်ဆစ်ရယ်။ တစ်ခါပြရုံနဲ့ လိုက်မလုပ်တတ်ရင် တစ်ခါတည်း နီးရာတုတ်နဲ့..."

"ရိုက်တာပဲလားဆရာ..."

"အေး...ရိုက်တော့တာပဲ။ ဒါပေမဲ့ မင်းသမီးကို မဟုတ်ဘူးကွ... မင်းသမီးကိုသူ ဘယ်ရိုက်ရဲမလဲ။ သူ့ခေါင်းကိုသူ ပြန်ရိုက်တာကို ပြောတာ..."

တင်လှသွေးသည် ကလေးလို ခိုးခိုးခွစ်ခွစ်နှင့် အသံထွက်၍ ရယ်လေသည်။ ထို့နောက် သူ၏ ဝိုင်းစက်သော မျက်လုံးကြီးများတွင် တွဲရရွဲခိုနေသော မျက်ရည်ပေါက်ကလေးများကို ရေမွှေးနံ့ကလေးသင်းနေသော လက်ကိုင်ပဝါကလေးဖြင့် သုတ်ရှာသည်။

"လူတွေရှေ့မှာ၊ လူကို နှစ်ပြားမတန်အောင် ကြိမ်းလွန်း၊ မောင်းလွန်းတော့ ငိုချင်လာတာပေါ့ ဆရာ..."

တင်လှသွေးသည် ကားရိုက်ရာမှ ခဏနားခိုက် ကိုကောင်းဖဲ၏ ကလားထိုင်အောက်၌ ခြေဆင်း၍ ထိုင်ရင်း ပြောပြနေခြင်း ဖြစ်သည်။

"အေး...သူ့ဝါသနာက ဒီလိုပဲ..."

ကိုကောင်းဖဲသည် ဆေးတံကို မီးညှိနေသဖြင့် ခေတ္တမျှ စကားပြတ်သွားသည်။ ဆေးတံမီးခိုးများ အလိပ်အလိပ် တက်လာအောင် ရှူပြီးမှ စကားကို ပြန်ဆက်နေ၏။

"ရုပ်ရှင်လောကကို ငါဝင်စတုန်းကများ၊ ဒါထက်ဆိုးတာပေါ့...ဟိုတုန်းက အခုလို ရုပ်ရှင်ကုမ္ပဏီတွေလည်း မပေါသေးဘူး။ မင်းသမီး၊

mgyoe.com

mgyoe.com

မင်းသားတွေလည်း မပေါသေးဘူး။ ရုပ်ရှင်ဒါရိုက်တာကွေဟာ အင်မတန်၊ တန်ခိုးကြီးတဲ့အချိန်ပေါ့။ သူတို့သင်တဲ့,ပြတဲ့အတိုင်း လိုက်မလုပ်နိုင်ရင် မအေနဲ့ကိုင် အတုတ်ခံရတယ်။ ဒါရိုက်တာ ဦးကျောက်လုံးဆိုတာ ကြားဖူးတယ် မုတ်လား...အဲဒါ ငါ့ဆရာအရင်းပေါ့။ အင်မတန် ဒေါသကြီးတဲ့ လူကြီးကွ။ မကြီးဘဲနေပါ့မလား...ပုလိပ်လူထွက်ကြီးကိုး..."

"ဟာ...ပုလိပ်လုပ်တာနဲ့ ဒေါသကြီးရရောလားဆရာ...။ တင်တင့်ဖေဖေလည်း ပုလိပ်ပဲ။ ရာဇဝတ်ဝန်ဘဝနဲ့ ပင်စင်ယူလာတာ...။ နုလိုက်တဲ့ အနုမှ ကြောင်ကလေးကျနေတာပဲ..."

တင်လှသွေးက မျက်မှောင်ကလေးကြုတ်၍ နှုတ်ခမ်းကိုစူကာ ခေါင်းတခါခါ၊ လည်တလှုပ်လှုပ်နှင့် ကိုကောင်းဖ်၏စကားကို ဝင်၍ ချေပလိုက်ခြင်းဖြစ်သည်။ ထိုအခါ ကိုကောင်းဖ်က မျက်စိကိုမှိတ်,ခေါင်းကို ညိတ်ရင်း ရယ်လေ၏။

"အေး...ထားပါတော့ကွာ...ထားပါတော့" ဒါနဲ့ပြောရဦးမယ်။ ဦးကျောက်လုံးဟာ သူ့တပည့်တွေကို ဘယ်တော့မှ မျက်နှာသာ မပေးဘူးကွ...။ စိတ်နဲ့မတွေ့ရင် မအေနဲ့ ကိုင်တုတ်တယ်၊ ဆူတယ်၊ ကြိမ်းတယ်၊ မာန်တယ် အဲ...သတိရလို့ ပြောလိုက်ရဦးမယ်။ တစ်နေ့တော့ ငါနဲ့မိအောင်နဲ့ အဲ...မိအောင်ဆိုတာက တင်တင်အောင်ကို ပြောတာ။ လွမ်းခန်းရိုက်ကြရတယ်။ မိအောင်က ဇာတ်လမ်းထဲမှာ၊ ငါ့မိန်းမဆိုပါတော့။ ငါက လူသတ်မှုနဲ့ တစ်ကျွန်းကိုကျလို့ ခွဲရတော့မယ့်အခန်း။ မိအောင်ကလည်းငိုရမယ်။ ငါကလည်း လက်ထိပ်ကြီး တန်းလန်းနဲ့ ငိုရမယ်။ ပုလိပ်တွေက ငါ့ကို ဆွဲခေါ်တော့ မိအောင်က ငါ့ခြေထောက်ကို တစ်အားပြေးဖက်၊ ပုလိပ်တွေကလည်း ငါ့ကို နောက်ကတုပ်ဆွဲ၊ ငါ့မျက်လုံးထဲက မျက်ရည်တွေ တဖြိုင်ဖြိုင်ကျပြီး လွမ်းခန်း ဖော်ရမှာပေါ့ကွာ။ ဒါပေမဲ့ ခက်နေတာက အဲဒီတုန်းက ငါမှာ လွမ်းချင်တဲ့စိတ်ကို မရှိဘူး။ မလွမ်းချင်တဲ့အပြင် အူထဲကလိပ်လိပ်တက်ပြီး ရယ်ချင်နေတယ်..."

တင်လှသွေးသည် ဒူးနှစ်ဖက်ကို ထောင်လိုက်ရင်း ပြည့်ဖြိုး၍ဆင်စွယ်နှစ်,ရောင် ဝင်းဝင်းဝါနေသော လက်ကလေးနှစ်ဖက်ဖြင့် ဒူးများကို ပွေ့ဖက်၍ အထိုင်ပြောင်းလိုက်သည်။ ဤလို ဝါရင့်ပညာသည်ကြီးများထံမှ

mgyoe.com

mgyoe.com


ကိုယ်တွေ့ ဗဟုသုတကလေးများကို အထူးပင်မှတ်သား နားထောင်နေချင်သူဖြစ်သဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အရသာတွေ့လာဟန်ဖြင့် လည်တိုင်ကလေးကို ခပ်ပျော့ပျော့မော့လိုက်ရင်း ကိုကောင်းဖဲ၏ စကားသံထဲတွင် သူ့အာရုံကိုနှစ်၍ ထားလိုက်မိသည်။

"အေး...မရယ်ချင်ဘဲ နေပါ့မလားကွာ...။ ဘယ့်နှယ် မိအောင်က အောက်ကနေပြီး ဗတောက်ဗရစ်တွေ ပြောနေတာကို...အဲဒီတုန်းက အသံထွက် ခေတ်မဟုတ်တော့၊ ပါးစပ်က ပြောချင်တာလျှောက်ပြောလို့ရတယ်။ မျက်နှာအမူအရာ မှန်ရင်ပြီးတာပဲကို...။ အဲဒီနေရာမျိုးကျတော့ မိအောင်ကို ဘယ်သူမှ လိုက်လို့မမီဘူးကွ။ အင်မတန်ပါရမီထူးတဲ့ အနုပညာရှင်တစ်ယောက်ပါပဲကွာ...၊ သူက မျက်ရည်တွေ အိုင်ထွန်းနေတဲ့မျက်နှာနဲ့ ငါ့ခြေထောက်ကို အတင်းဖက်ရင်း တရွတ်တရွတ် ပါလာပေမယ့် ပါးစပ်ကတော့ အကောင်းစကားတစ်ခွန်းမှပြောတာ မဟုတ်ဘူး။ အရပ်ကတို့... လာကြပါ၊ ဝိုင်းကြပါ။ မနေ့က ကျွန်မအိမ်က ထမိန် (ထဘီ)စုတ်တွေ ဝင်ရုပ်သွားတာ ဟောဒီ ဘိန်းစားပါပဲ။ သူ့ခါးက နံငယ်ပိုင်းဟာ ကျွန်မ ရေချိုးရင်ဝတ်တဲ့ အောက်ခံပိတ်ထဘီစုတ်ပါ။ သက်သေအမှတ်အသား ပါ,ပါတယ်။ ဖင်ဖက်မှာ အကွက်ကြီးတစ်ကွက် တွေ့တယ်မဟုတ်လား...။ အဲဒါ ဖွတ်လို့ မရလို့ ဒီအတိုင်းထားရတာရှင့်။ ဘာရှင့်...ညာရှင့်နဲ့ပေါ့ကွာ...။ တွေ့ကရာ ရှစ်သောင်းဗလရွှတ်အမျိုးစုံပါရော..."

ဤတွင် တင်လုံသွေးသည် သူ့ဘယ်ဖက် နှုတ်ခမ်းစွန်းဆီ၌ သွားတက်လေးပေါ်လာသည်အထိ၊ ပခုံးကလေး လိမ်တွန့်လိမ်တွန့်နှင့်ရယ်ရင်း မျက်နှာကို ဒူးနှစ်ဖက်ကြားသို့ ခေတ္တနှစ်၍ ထားလိုက်သည်။ ကိုကောင်းဖဲလည်း သူ့ဇာတ်ကိုသူခင်းရင်း အဖြစ်ဟောင်းများကို တရေးရေးပြန်လည်မြင်ယောင်သတိရလာဟန်ဖြင့် တဟဲ...ဟဲနှင့် လူကြီးရယ်,ရယ်ရင်း ဆေးတံကို မီးညှိ၍ သုံးလေးချက်ရှုရှိုက်လိုက်ရာမှ...

"အဲဒီနေရာမှာ ငါ့ဆရာဦးကျောက်လုံး အစွမ်းပြတော့တာပေါ့ကွာ...။ ငါ့ကို မျက်ရည်ထွက်အောင် မလွှမ်းတတ်ရကောင်းလား...ဆိုပြီး ဘာမပြော ညာမပြောနဲ့ သူစီးထားတဲ့ စစ်ဖိနပ်ကြီးနဲ့ ညို့သကျည်းကို တစ်အား ပိတ်ကန်တော့တာပါပဲ။ ငါလည်း နာလွန်းတော့ မျက်ရည်တွေ ထွက်ကျလာ

mgyoe.com

mgyoe.com

တော့တာပေါ့...။ အဲဒီလို ဖြစ်နေတုန်း ဦးကျောက်လုံးက ငါ့မျက်နှာကို "ကလို့ဇပ် "ရိုက်ယူလိုက်တယ်။ ဒီကားလည်းထွက်ရော ငါလည်း နိုင်ငံကျော် အလွမ်းမင်းသားကြီး ဖြစ်သွားတာပဲ..."

ကိုကောင်းဇံသည် သူ့ဇာတ်ကိုသူ ဤနေရာတွင် အဆုံးသတ်လျက် တင်လှသွေးကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ တင်လှသွေးကား တစ်ကိုယ်လုံးသိမ့်သိမ့်တုန်အောင် လှုပ်ရှားရင်း အူတက်မတတ် ရယ်လျက် ရှိနေ၏။ ကိုကောင်းဇံသည် ထိုင်ရာမှထလိုက်ရင်း ခါးကိုကော့လျက် အကြောဆန့်လိုက်ကာ သူ့တပည့်မကို တစ်ချက်ငုံ့ကြည့်လိုက်ပြန်သည်။ တင်လှသွေး ပြန်၍ အမော့နှင့် မျက်နှာချင်းဆုံနေရာ ဝိုင်းစက်သောမျက်လုံးကြီးများ၌ ကြည်နူးလန်းဆန်းလာသော ခွန်အားသစ်နှင့် ရင်းနှီးယုံကြည်လာမှု အရိပ်အလျှံများကို မြင်တွေ့ရလေသည်။

"ဒီတော့ ဘာစိတ်ပျက်စရာရှိသလဲကွာ။ ဝမ်းနည်းစရာလည်း မလိုပါဘူး။ မင်းတို့ခေတ်ဟာ တို့ခေတ်လောက်မဆိုးပါဘူး။ မင်းသမီးမင်းသားတွေက ဒါရိုက်တာနဲ့ ကုမ္ပဏီသူဌေးကို ခြေထောက်နဲ့ပြန်ကန်နိုင်တဲ့ခေတ်ပါ...။ မင်းကိုယ်မင်း ယုံကြည်ဖို့ပဲ ပထမအရေးကြီးတယ်။ ဝါသနာပါလို့ ဒီအလုပ်ကို လုပ်တော့မယ်ဆိုရင် ရှက်စိတ်တွေ၊ ကြောက်စိတ်တွေကို မောင်းထုတ်ပစ်လိုက်...ကြားလား...။ ဝက်ဖြစ်မှတော့ မစင်ကိုကြောက်မနေနဲ့တော့။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရင် ဘာမဆိုလုပ်လို့ရတယ်။ မင်း ဦးလေးလင်းဟာ မင်းကိုမုန်းလို့ မာန်တာ၊ မဲတာမဟုတ်ဘူး။ မင်း နာမည်ကြီးဖို့၊ မင်းကျော်ကြားဖို့ လုပ်ပေးနေတာ။ ငါ့အနေနဲ့ ပြောရရင်...မင်းအရည်အချင်းဟာ မသေးဘူး။ မင့်ကိုယ်ထဲမှာ ပင်ကိုမွေးပါ။ ပညာသွေးတွေ အပြည့်ပါလာတယ်။ ဘယ်မင်းသမီးတွေနဲ့မှ မတူတဲ့ တစ်ဘာသာ မူထူး၊ မူလှကလေးတွေ လက်...ခနဲ၊ ဝင်း...ခနဲ ထွက်ထွက်လာတာတွေ့ရတယ်။ မင်းမှာ ချို့ယွင်းချက်ကလေး တစ်ခုပဲရှိတယ်။ အဲဒါ ဘာမှ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် သတိထားလွန်းတဲ့ကိစ္စပဲ။ ဘယ်သူကများ မာန်လိုက်မလဲ။ ဘယ်သူကများ ကဲ့ရဲ့လိုက်မလဲဆိုတဲ့...ရှက်စိတ်ကြောက်စိတ်ကို ပြောတာ။ အဲဒီချို့ယွင်းချက်ကို မြန်မြန်ပြုပြင်နိုင်ရင် မင်းနာမည်ဟာ နေ့ချင်းညချင်း..."

"မိတင်...လာဟေ့...၊ ကိုကောင်းဇံ လာဗျို့။ နောက်တစ်ခန်း

mgyoe.com

mgyoe.com
ဆက်ရိုက်ရအောင်"

"ဟောတော့..."

ပထမအသံမှာ ဒါရိုက်တာ ကိုလင်းမြွေ၏ အသံဖြစ်၍၊ ဒုတိယ အသံမှာ တင်လှသွေး၏ အာမေဋိတ်သံဖြစ်သည်။ တင်လှသွေးသည် ကလေးကလေးတစ်ယောက်ကို နီရဲသောလျှာကလေးကို ဘလစ်ခနဲနေအောင် နှုတ်ခမ်းနှစ်ခုအကြားမှ ထိုးထုတ်လိုက်ပြီး ဖက်ကလေး ပုဝင်သွားသည်ကို ကိုကောင်းဖံကကြည့်၍ ရယ်ရင်း...

"ကဲ...ထ...ထ...တော်တော်ကြာ အထနှေးရမလားလို့...လင်းမြွေကြီးအပေါက်ခံနေရဦးမယ်။ ငါပြောတာတွေသာ မမေ့နဲ့။ ရဲရဲသာကြံပါကွာ" ဟု ပြောရင်း ရှေ့မှမားမား...မားမားနှင့် ထွက်သွားလေရာ တင်လှသွေးလည်း နောက်မှ အပြေးကလေးထ၍လိုက်ရာမှ...

"နည်းနည်းတော့ ကြောက်သေးတာပဲ ဆရာ"ဟု ရိုးရိုးသားသားပင် ပြောရှာလေသည်။

(၃)

ဒါရိုက်တာ ကိုလင်းမြွေ၏ အိမ်နှင့် တင်လှသွေး၏ အိမ်သည် ရေကျော်လမ်းမကြီး၏ အတွင်းဘက်ခပ်ကျကျ၌ ဘေးချင်းကပ်လျက်တည်ရှိနေကြသည်။ ကိုလင်းမြွေနှင့် တင်လှသွေး၏ဖခင် ဦးမြသွေးတို့မှာ ငယ်ပေါင်းကြီးဖော် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်သဖြင့် ဦးမြသွေးပင်စင် အငြိမ်းစားယူသောအခါ ကိုလင်းမြွေကပင် သူ့အိမ်နှင့် ကပ်လျက်ရှိသော ပျဉ်ထောင်ကာ သွပ်မိုး တလိုင်းအိမ်လှလှကလေးကို အစွယ်ခိုင်းခဲ့ခြင်း ဖြစ်သည်။

တင်လှသွေး မရမက ပူဆာလွန်းသဖြင့် သဘောမတူချင်တူချင်နှင့် သမီးကို ကိုလင်းမြွေ၏ လက်သို့အပ်ခဲ့ရစဉ်က ဦးမြသွေးက၊ ကိုလင်းမြွေကို စကားတစ်ခွန်းပြောခဲ့လေသည်။

"ဟေ့ကောင်...လင်းမြွေ...။ ဒါပဲနော်...ဒီကောင်မကလေးက တဇွတ်ထိုး တဖောက်ကန်းမို့လို့သာ ဒီအလုပ်ကို ခွင့်ပြုရတာ။ တို့အမျိုးထဲမှာ မင်းသိတဲ့အတိုင်း ဒီအလုပ်မျိုးလုပ်တဲ့လူတစ်ယောက်မှ မရှိဘူးကွ။ ဒါပဲ...

mgyoe.com

mgyoe.com
ငါ့သမီးတစ်ခုခုဖြစ်ရင်တော့ မင်းလည်ပင်း အပြတ်ပဲသာမှတ်ပေတော့”

ထိုအခါ ကိုလင်းမြွေသည် သူ့ဇက်ကို သူ့လက်ဝါးနှင့်အသာပွတ်ရင်း ခေါင်းကိုညင်သာစွာ ခါ၍နေခဲ့လေသည်။ တင်လှသွေးရုပ်ရှင်နယ်သို့ ရောက်လိုခြင်းမှာ မိမိ၏ပယောဂလည်း အလျဉ်းမပါ။ မိမိက အတင်း မရမက ခေါ်ယူရခြင်းမဟုတ်။ သို့ဖြစ်၍ မိမိအနေဖြင့် မည်သည့် ကတိခံဝန် ချက်မျိုးမှ ပေးထားရန် အကြောင်းမရှိဟု ယူဆမိလေသည်။

သို့ဖြစ်၍ ကိုလင်းမြွေသည် ဦးမြသွေးအား တင်လှသွေး၏ နောင် ရေးနှင့်ပတ်သက်၍ မည်သည့်ခံဝန်ချက်မျိုးမှ မပေးခဲ့ချေ။ နောက်ဆုံး၌ သမီးကို မနိုင်သော ဦးမြသွေးကပင်၊ အလျှော့ပေး၍ မည်သည့်စည်းကမ်း ချက် နှောင်ကြိုးမှမပါသော ခွင့်ပြုခြင်းမျိုးဖြင့် ခွင့်ပြုရသည့်အခြေသို့ ရောက် ခဲ့ရာ ကိုယ်လင်းမြွေက...

“အေး...သူငယ်ချင်း...မင်းသမီးကို ငါ စောင့်ရှောက်နိုင်သမျှ စောင့် ရှောက်မယ်။ ဒါပေမဲ့ ဘာကတိမှတော့ မပေးပါရစေနဲ့။ ဒီကိစ္စမျိုးဆိုတာက အခက်သားကလား။ သံကွန်ချာ အုပ်ထားပေမဲ့ ကိုယ့်ဖက်က ဟန်မကျရင် မင်းဘာတတ်နိုင်ဦးမလဲ...။ အေး...ကိုယ်ကောင်းရင်တော့ ခေါင်းမရှေ့ပါ ဘူးကွာ...။ ဒီလောကမှာ ပျက်စီးကြတယ်ဆိုတာဟာ ကိုယ်ကရွဲ့လို့ ခေါင်း ပါရွှဲ့လာကြတာကွ။ မင်းသမီးဟာ ပညာမမဲ့ပါဘူး။ သူ့ကိုယ်ကိုယ် သူ ထိန်းနိုင်ကောင်းပါတယ်”ဟု စကားမလွန်အောင် ပြောခဲ့ရလေသည်။ ကိုလင်းမြွေ၏ စကားကို ဦးမြသွေးသည် ငြင်းရန် မတတ်နိုင်ခဲ့ချေ။

ကိုလင်းမြွေတွင် အော်စတင်ကားကလေးတစ်စင်းရှိသည်။ ရုပ်ရှင် ရိုက်သောနေ့များ၌ ကိုလင်းမြွေသည် ကုမ္ပဏီကလိုက်၍ ခေါ်သောဘတ်(စ်) ကားရှိသော်လည်း တင်လှသွေးကို ထိုကားနှင့် မလိုက်စေဘဲ သူကိုယ်တိုင် မောင်းသော ကား၏နောက်ပိုင်းတွင် တစ်ဦးတည်း ဣန္ဒြေရရလိုက်ပါစေ လေသည်။ ဦးမြသွေးနှင့် ဒေါ်သန်းလှတို့သည် သမီးရုပ်ရှင်ရိုက်သည်ကို ကြည့်ရန် ရှက်သည်ဟုဆိုကာ အစောင့်အရှောက်အဖြစ်ဖြင့် လိုက်ဖို့ ခါးခါး သီးသီး ငြင်းဆန်လျက်ရှိကြရာ ကိုလင်းမြွေပင် တင်လှသွေးကို ပတ်စာခွာ၊ ဖျာသိမ်း ထိန်းသိမ်းစောင့်ရှောက်နေရသည့်အဖြစ်သို့ ရောက်နေလေသည်။

တင်လှသွေးအဖို့ ကုသိုလ်ကံ ကောင်းနေပြန်ခြင်းကား စည်းကမ်း
mgyoe.com

mgyoe.com
အလွန်ကြီးသော ကုမ္ပဏီပိုင်ရှင်များသည် ဖို့,မ ဆက်ဆံရေးနှင့်ပတ်သက်၍ အလွန်တင်းကျပ်သော စည်းကမ်းများကို ထုတ်ထားရာ၊ ထိုစည်းကမ်းများကို မည်သူမှ မချိုးဖောက်ရဲကြချေ။ ချိုးဖောက်မိသူတို့မှာ နာရီမဆိုင်း အလုပ်မှ ထုတ်ပယ်ခြင်း ခံကြရသဖြင့် တခြားတစ်ပါး၌ နာမည်ပျက်ရှိထားသူများပင် ထိုကုမ္ပဏီသို့ ရောက်ရှိသောအခါ အပိုးသေ၍ အနေမှန်မှန် နေတိုင်လာကြရသည်ကို တွေ့ရလေသည်။

ရုပ်ရှင်သက်အနှစ် နှစ်ဆယ်ကျော်လာခဲ့ပြီ ဖြစ်သော ကိုလင်းမြွေသည်...တင်လှသွေးကဲ့သို့သော ခေတ်ပညာတတ် မိကောင်းဖခင် သမီးပျိုကလေးတစ်ယောက်၏ "လုံခြုံရေး"အတွက် စိုးရိမ်ကြောင့်ကြမကင်းဖြစ်နေမိသည်ဆိုလျှင် အစိုးရိမ်လွန်လွန်းလှသည်ဟု အပြစ်မတင်သင့်ချေ။ သူကား ရုပ်ရှင်လောကနှင့်ပတ်သက်၍ အတွေ့အကြုံရင့်ခဲ့လှပြီ ဖြစ်လေသည်။ တင်လှသွေးသို့ကဲ့သော ပိုးဖလံကလေးပေါင်းများစွာတို့သည် ရွှေတောင်မဟုတ်သော ရုပ်ရှင်မီးတောက်မီးလျှံများအကြား၌ မီးကြွမ်းပြာကျ၊ အသုဘဖြစ်ခဲ့ပေါင်းများခဲ့ပြီ မဟုတ်ပါလော။

ကိုလင်းမြွေသည် "အို...အို...အို...အဟင့်...အဟင့်...အဟင့်..." ဇာတ်ကားကို ငါးလနှင့် ပြီးနိုင်အောင် အပြင်းအထန် ရိုက်ကူးလျက် ရှိလေသည်။ ထို ၅ လနှင့်ပင် တင်လှသွေးသည် ရုပ်ရှင်လောကကို နာမ်ပြတ်သွားခဲ့မည်ဆိုက၊ ကိုလင်းမြွေလောက် ဝမ်းသာနိုင်မည့် ပုဂ္ဂိုလ်သည် ဤလောက၌ ရှိနိုင်လိမ့်မည်မထင်ချေ။

ကားရိုက်၍ တစ်နေ့ကုန်ဆုံးသွားတိုင်း, ကုန်ဆုံးသွားတိုင်း၊ ကိုလင်းမြွေသည် တင်လှသွေးအား "နင်စိတ်မပျက်သေးဘူးလား..."ဟု မေးလေ့ရှိသည်။ ထိုသို့ မေးတိုင်းလည်း တင်လှသွေးက "ဟင့်အင်း...ဦးလေး...။ ပိုပြီးတောင် စိတ်ပါလာသေးတယ်..."ဟု ဖြေတတ်လေသည်။ ထိုအခါ ကိုလင်းမြွေ၏ ဝမ်းပိုက်ထဲမှ ရင်ခေါင်းသံကြီးတစ်ခု၊ ဂွီ...ခနဲဂွီ...ခနဲမြည်၍ ထွက်လာတတ်လေသည်။

ကိုလင်းမြွေသည် ကားစရိုက်သည့်အချိန်မှစ၍ ယနေ့အထိ တင်လှသွေးကို စကားကောင်း မပြောခဲ့ချေ။ မျက်နှာသာလည်း မပေးချေ။ ကိုလင်းမြွေ၏ ဆူသံ၊ ငေါက်သံ၊ ကြိမ်းသံ၊ မောင်းသံသည် တစ်နေ့တခြား နားမခံသာ

mgyoe.com

mgyoe.com
အောင် ခက်ထန်ကြမ်းတမ်းလာသည်ကို တင်လှသွေးကလည်း သတိပြုမိသည်။ သို့သော် သူသည် လက်ဦးအစပိုင်းကလို မျက်ရည်လည်းမကျ၊ တရှိုက်ငင်ငင်လည်း မဖြစ်တော့ချေ။ ကိုကောင်းဖဲကိုလည်း အခါတိုင်းကဲ့သို့ ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် မဆက်ဆံတော့ချေ။ သူသည် ရုပ်ရှင်လောကကို ၄ လကျော်ကျော် ၅ လအတွင်း အတော်ကလေး သဘောပေါက်နားလည်သွားပုံရလေသည်။

ရုပ်ရှင်စ၍ရိုက်စကက တင်လှသွေးသည် ကိုလင်းမြွေခိုင်းသမျှကို တစ်ခွန်းတစ်ပါဒမျှ နှုတ်လှန်မထိုးဘဲ မျက်ရည်ကို သုတ်လျက် မဖြစ်, ဖြစ်အောင် ကြိုးစား၍ အလုပ်လုပ်တတ်သော်လည်း ယခုမူ နှုတ်လှန်ထိုးတတ်စ ဆင်ခြေတက်တတ်စ, ပြု၍လာသည်။

"ဟာ...ဦးလေးလင်းကလည်း...ဘယ့်နှယ်လုပ်ပြီး ဒါလောက်ရှည်တဲ့ စကားကြောရှည်ကြီးကို တစ်လုံးမမှားအောင် ပြောလို့ဖြစ်မလဲ...ဦးလေးလင်း လိုချင်တဲ့ အဓိပ္ပာယ်ပေါ်အောင် တင်တင်ပြောတတ်သလိုပဲ ပြောချင်တယ်။ စကားလုံးကိုလည်း မမှားရဘူး။ အမူအရာကလည်း လုပ်ရဦးမယ်ဆိုရင် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒါမှ မဟုတ်ရင်လည်း ဒီအခန်းကိုဖြတ်, ဖြတ်ပြီးရိုက်။ ဒီစကားအတိုင်းတော့...တင်တင် တောက်လျှောက်ကြီး ပြောမသွားတတ်ဘူး..."ဟူသော ဆင်ခြေမျိုး...

"တင်တင်ပြောတာများ ဘာများ လွဲသွားလို့လည်း ဦးလေးလင်းရဲ့ "ရှက်လှချည်ရဲ့နော်...နဲ့ "ရှက်လိုက်တာနော်..."နဲ့ အဓိပ္ပာယ်ချင်းမတူလို့ လား ဒီ"လှချည်ရဲ့ "ဆိုတဲ့စကားမပါရင် အဓိပ္ပာယ်မပေါ်တော့ဘူးလား..."ဟူသော နှုတ်လှန်ထိုးခြင်းမျိုး မပြုစဖူးပြု၍ လာသဖြင့် ကိုကောင်းဖဲပင်လျှင် တအံ့တသြဖြစ်လာမိကာ...

"ဟဲ့-တင်တင် နင်အခုတစ်လော တော်တော်သတ္တိကောင်းလာပါကလား...နင့် ဦးလေးလင်းကို နင် မကြောက်တော့ဘူးလား"ဟု မေးလိုက်သည်တွင်...

"ဟာ...ဘာဆိုင်လို့ ကြောက်ရမှာလဲ ဆရာရဲ့။ သူက အလကားသက်သက် တင်တင်ကို ညှဉ်းစရာမရှိ ကြံဖန်ညှဉ်းနေတာ။ ဒီတော့ တင်တင်ကလည်း နဂါးမှန်းသိအောင် အမောက်ကလေး ဘာကလေးထောင်ပြရတော့

mgyoe.com

mgyoe.com
တာပေါ့။ အို...ဒါတွေ ဆရာမသိပါဘူးလေ...။ သူ့ဝမ်းထဲမှာ ဘာတွေ ရှိနေတယ်ဆိုတာ ဆရာမသိဘူး။ တင်တင်သိတယ်..."ဟု ဒေါနှင့်မောနှင့် ပြန်ပြောနေသဖြင့်...

"ဟဲ့ နင်က ဘာတွေများ သိထားလို့ ဒါလောက်ဒေါသဖြစ်နေရ တာတုန်း..."ဟု ထပ်ဆင့်မေးခွန်းထုတ်ရသည့် အခြေသို့ ရောက်သွားလေ ၏။ ထိုအခါ တင်လှသွေးက မျက်နှာထားကို ခပ်တင်းတင်းထားလျက်...

"သူက တင်တင်ကို ရုပ်ရှင်လောကထဲက မောင်းထုတ်နေတာ ဆရာရဲ့...သိလား...။ သူ့အကြံက တင်တင်ကို အခုလို နေ့ရှိသမျှ ကြံဖန် ပြီး ညှဉ်းမယ်၊ ဆူမယ်၊ ကြိမ်းမယ်၊ ငေါက်မယ်။ လူတွေရှေ့မှာ ချုံးပွဲချ ငိုအောင် လုပ်မယ်။ ဒီလိုဆိုရင် တင်တင် စိတ်ပျက်ပြီး ဒီကားပြီးတာနဲ့ တစ်ပြိုင်နက် ဒီအလုပ်ကို ဆလံသပြီး ပြေးလိမ့်မယ်လို့ သူက ထင်နေတယ်။ ဟင်း...ပေးလိုက်တာ လူကိုများ၊ သူက ဘယ်လိုထင်သလဲမသိဘူး... ဒါလောက် များ စိတ်ပျော့ရင် အစကတည်းက ဒီလောကကို ခြေဦးမှမလှည့်ခဲ့ဘူး။

"သူ့စိတ်ထဲမှာ ဒီလို ရှိနေတယ်ဆိုတာ မင်း ဘယ့်နှယ်လုပ်သိ သလဲ"

"ကိုယ်တိုင်နားနဲ့ ဆတ်ဆတ်ကြားရလို့ သိတာပေါ့ဆရာရဲ့။ ဟို တစ်လောက အိမ်မှာ သူနဲ့ ဖေဖေ နှစ်ယောက်သား ခေါင်းချင်းရိုက်ပြီး တိုးတိုးတိုးတိုးနဲ့ လုပ်နေတာတွေလို့ ထရံနောက်ကကပ်ပြီး အသာချောင်း နားထောင်ကြည့်တော့ သူ့ဗိုက်ထဲက ခုနက အကြံအစည်တွေအားလုံးကြား လိုက်ရတာပေါ့...။ ဖေဖေကတောင် အဲဒီတုန်းက ပြန်ပြောလိုက်သေးတယ်။ အေး...အေး...မင်းအကြံဟာ သောက်ကျိုးနည်း ကောင်းသကွာတဲ့...ဟင်း"

ကိုကောင်းဇံက ဤအကြောင်းကို ကိုလင်းမြွေအား တစ်လုံးမကျန် ပြန်၍ ဖောက်သည်ချသောအခါ ကိုလင်းမြွေမှာ ကြက်သွန်နံ့အပေးခံရသော ကြက်ဖကြီးကဲ့သို့ တစ်ခါတည်း လည်ပင်းကြီး ကျိုးကျလျက် သက်ပြင်း တစ်ချက်ချလိုက်လေသည်။ အတန်ကြာမှ သူ၏နှာခေါင်းပြားကြီးကို လက်နှင့်တစ်အားပွတ်ခါ...

"ဒီလိုဆိုလည်း ပြီးရောပေါ့လေ...ကျုပ်ကတော့ စိတ်ပျက်လို ပျက် ငြား စမ်းကြည့်မိတာပဲ။ အမှန်ပြောရရင် ဒီကောင်မလေးကို ချွန်ချွန်ထက်
mgyoe.com

mgyoe.com

ထက်ကလေးမျိုးကို ဘယ်မှ လက်လွှတ်ချင်ပါ့မလဲ။ သူ့အဖေ ကျုပ်သူငယ်ချင်းကို သနားလို့ ဒီကောင်မလေးကို ဒီလောကမှာ မပျော်အောင် ချောက်လှန့်နေမိတာပဲ။ ပစ်ရမှာကလည်း အဆီနဲ့ရဲရဲ၊ စားရမှာကလည်း သဲနဲ့ ရှပ်ရှပ်ဆိုတာ ဒီကောင်မလေး ကိစ္စမျိုးပေါ့ဗျာ...။ ကဲ...အခုတော့ မတတ်နိုင်တော့ဘူးပေါ့ဗျာ...။ သူပျော်ရင် သူနေပေါ့..."ဟု ပြောလေ၏။

ထိုနေ့မှစ၍ ကိုလင်းမြွေသည် တင်လှသွေးကို စိတ်ချောက်ချားအောင် မညှဉ်းဆဲတော့ချေ။ သူ့ဝမ်းတွင်း သဘောကိုလည်း ရှင်းရှင်းဘွင်းဘွင်းကြီးဖွင့်ချလိုက်လေသည်။

"ကိုင်း...မယ်မင်းကြီးမ, ငါ့အကြံလည်း မင်းသိသွားပြီဆိုတော့ မထူးတော့ပါဘူး။ ဒီအကြံကို ဒီကနေ့က စပြီး ဖျက်သိမ်းလိုက်ပြီဆိုပါတော့ကွာ...။ ဒါကလောက် ဝါသနာကြီးလှတဲ့ အာဇာနည်မကို ငါကပဲ အရှုံးပေးပါတယ်။ အလုပ်ကိုသာ မင်းရော ငါရော နာမည်ကောင်းရအောင် ကြိုးစားပေတော့..."ဟု လက်မြှောက်လိုက်ရလေ၏။

ထိုအခါ တင်လှသွေးက...

"ဒါမှ တို့ဦးလေးကွ..."ဟု သံကုန်ဟစ်ရင်း၊ ဝမ်းသာလွန်းလှသဖြင့် ကိုလင်းမြွေ၏ကျောပြင်ကြီးကို သူ့လက်သီးဆုပ်ကလေးဖြင့် တစ်အားလွှဲ၍ တီးလိုက်လေ၏။

(၄)

အားလုံးပင် အစစအရာရာ အဆင်ပြေ၍ သွားလေ၏။ အစစအရာရာ အဆင်ပြေသွားသဖြင့်လည်း "အို...အို...အို...အဟင့်...အဟင့်...အဟင့်"ကို ရုံတင်ဖို့ရန်ပင် ရက်ချိန်းများပေး၍ ပြီးစီးသွားလေ၏။ နောက်တစ်ရက်၊ နှစ်ရက်အတွင်း၌ အရေးကြီးသော နောက်ဆုံးအခန်းများကို ရိုက်ကူးပြီးစီးသွားလျှင် အားလုံးပင် တာဝန်အေး၍ အလုံးကြီးကျသွားရဖို့ ရှိနေပေ၏။

သို့သော် ကိုလင်းမြွေမှာ ဆင်ပြောင်ကြီး အမြီးကျမှ တစ်ရတော့မလို နောက်ဆုံး ရိုက်ကူးရမည့်အခန်းတစ်ခန်းသို့ရောက်မှ တင်လှသွေးအတွက် ငိုချင်သလို၊ ခုန်ချင်သလို၊ ပေါက်ချင်သလို၊ မချင့်မရဲ၊ အားမလို၊ အားမရ

mgyoe.com

mgyoe.com
ကြီးဖြစ်၍ နေလေ၏။ တစ်ကြိမ်တွင်ကား ဒေါ်သများ၊ ထောင်းခနဲ ထွက်လာကာ တင်လှသွေးကို စိတ်ရှိလက်ရှိ ထ၍ရိုက်ပစ်လိုက်ချင်သည်အထိ ဒေါ်သူပုန်ထ၍ သွားမိပေသေး၏။

ထိုနေ့က ခါတိုင်းကဲ့သို့ပင် နံနက် ၁၀ နာရီအချိန်၌ ကားရိုက်ကူးရန် အားလုံးအသင့် ရှိနေကြသေးသည်။ ကိုလင်းမြွေက ထုံးစံအတိုင်း မင်းသမီးမင်းသားများကို ရှေ့သို့ခေါ်၍ ရိုက်ကူးမည့်အခန်းအကြောင်းကို အသေးစိတ် ရှင်းပြလေသည်။

"ဒီအခန်းက ဟိုတုန်းက ချန်ခဲ့တဲ့အခန်းတစ်ခန်းကို ပြန်ရိုက်တာကွဲ့. ကွက်ကျော်တွေရိုက်ခဲ့တဲ့အထဲမှာ မိတင်တစ်ယောက် ကုတင်ပေါ်မှောက်ပြီး ငိုနေတဲ့အခန်းပါခဲ့တယ်မဟုတ်လား။ အခုရိုက်မှာက ဒီအခန်းနဲ့သွားဆက်ရမယ့် အခန်းပဲ။ တစ်ကားလုံးမှာ အခုရိုက်မယ့် အခန်းဟာ တော်တော်အရေးကြီးတယ်။ မိတင်အသားယူရမယ့် အခန်းကွ..."

"ဘယ်လို အသားယူရမှာလဲ ဦးလေးလင်းရဲ့ ပြောစမ်းပါဦး"

တင်လှသွေးကား ဆံပင်ကို စွန်မြီးဆံထောက်ချလျက် နုသာရောင်ပိုးအင်္ကျီရင်စေ့နှင့် မန္တလေး ဘန်ကောက်စကားဝါရောင်ကို ဝတ်ထားရာ၊ အကယ်ပင် ၁၅ နှစ်အရွယ် အပျိုဖျန်းကလေးတစ်ယောက်နှင့် တူနေတော့သည်။

"ဒီမှာ နားထောင်..."ကိုလင်းမြွေက စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။ "အဲဒီနေ့က ကျောင်းအုပ်ကြီး ကိုကောင်းဖံက သူ့တပည့်မ လဲ့လဲ့ရဲ့အိမ်ကိုလာလည်တယ်။ အိမ်မှာ မိဘတွေ တစ်ယောက်မှမရှိကြဘူး။ သူ့တပည့်ချော လဲ့လဲ့တစ်ယောက်ထဲရှိနေတာတွေ့ရတော့ မတော်ဘူးဆိုပြီး ပြန်ဆင်းတော့မလို့ နှုတ်ဆက်တယ်။ ဒီတော့ လဲ့လဲ့က လှေကားထိပ်အထိ လိုက်ပြီးပို့တယ်။ ဒီလိုအပို့မှာ ကိုကောင်းဖံဟာ သူ့တပည့်မရဲ့ မျက်နှာကို စေ့စေ့ကြည့်မိရင်း စိတ်တွေဖောက်ပြန်လာရော။ ဒါနဲ့ ကတုန်ကရင်ကြီးဖြစ်ပြီး လူပျိုသိုး ဆရာကြီးက တပည့်မရဲ့လက်ကို ဆွဲတယ်။ လဲ့လဲ့က အတင်းရုန်းပြီး ရှက်ရှက်နဲ့ အခန်းထဲဝင်ပြေး...အခန်းထဲရောက်တော့ ဟောဒီဆိုဖာပေါ်ကိုယ်ကိုပစ်လှဲပြီး ဆိုဖာနောက်မှီမှာ မျက်နှာကိုနှစ်။ နောက်ပြီး ချုံးပွဲချငို...ပညာခန်းကဒါပဲ။ ကျန်တဲ့အခန်းကို နောက်မှ ရှင်းပြမယ်...ကိုင်း...
mgyoe.com

mgyoe.com

"ရိုဟာတ်စ်"လုပ်ကြရအောင်..."

ကိုလင်းမြွေက အစမ်းလုပ်ကြည့်ရန်အတွက် အဝင်အထွက်နှင့် ပြောမည့်စကား၊ ကိုယ်နေကိုယ်ထားတို့ကို အသေးစိတ်ပြောပြပြန်သည်။ ထို့နောက် အစမ်းလုပ်ကြည့်၏။ ထိုနောက် အသံကို စမ်း၏။ ထိုနောက် တကယ်တမ်း စ၍ရိုက်ကူးလေသည်။ ဤအခန်းများမှာ ချောချောမောမောပင် ပြီးစီးအောင်မြင်သွားလေသည်။ တင်လှသွေးအခန်းထဲသို့ ကြောက်ကြောက်လန့်လန့်နှင့် ဝင်ပြေးလာပြီး ဆိုဖာပေါ်တွင်မှောက်၍ ချုံးပွဲချငိုလိုက်သောနေရာ၌ ကိုလင်းမြွေက "ကတ်..."ဟု အော်လိုက်၏။ ထိုအခါ ဓာတ်ပုံဆရာသည် မော်တာစက်နှင့်ရိုက်ကူးနေသော ကင်မရာကို စက်ရပ်လျက် ပိတ်ပစ်လိုက်လေသည်။ ဤသို့ရပ်ပစ်သည်နှင့် တစ်ချိန်တည်းလိုလိုမှာပင်...

"ဂုတ်မှာပြတယ် ဆရာရေ့..."ဟူသောအသံတစ်သံလည်း အခန်းထောင့် တစ်နေရာဆီမှ ခပ်ရှင်ရှင် ခပ်သောသောလေး ထွက်၍ လာလေသည်။ ဤသို့ အော်လိုက်သူကား မီးထိုးသမား မောင်လှဘူးဆိုသူပင် ဖြစ်၏။

တင်လှသွေးသည် ဆိုဖာပေါ်တွင် တရှုပ်ရှုပ်ငင်လျက်ရှိရာမှ ကဗျာကသီ မျက်နှာကို ဖော်လျက် ကိုလင်းမြွေရှိရာသို့ ပြုံးစေ့စေ့နှင့် လှမ်းကြည့်လိုက်ရင်း...

"ဘယ့်နှယ်လဲ ဦးလေး။ အလိုအပိုရှိသေးသလား..."ဟု မေးနေ၏။

"ဘာမှမရှိ...ဘာမှမရှိ...။ အားလုံးကောင်း၊ အဟုတ်ကောင်း၊ တကယ့်ကိုမိ...ဂျပ်ထိ..."ဟု ကိုလင်းမြွေက ခပ်သော့ကလေးပင် ပြန်၍ ဖြေလိုက်လေသည်။

တင်လှသွေးလည်း ဆိုဖာပေါ်မှ ထလာလျက်...

"ဒါနဲ့ဦးလေး၊ ခုနက ကြားလိုက်ရတဲ့ ဂုတ်မှာ ပြတယ်ဆရာရေ့..." ဆိုတာကဘာလဲ။ ကားရိုက်တိုင်း ဒီအသံကို ခဏခဏကြားရတယ်။ အဓိပ္ပာယ် မေးကြည့်မလို့ဟာ မေးကိုမမေးဖြစ်ခဲ့ဘူး...။ ဒါ ဘာကိုပြောတာလဲ ဦးလေးရဲ့..."ဟု သူနားမလည်သော စကားအဆန်း၏ အဓိပ္ပာယ်ကို မေးနေလေသည်။

mgyoe.com

mgyoe.com

"အောင်မယ်လေးဟဲ့။ မိတင်လေး။ ကားရိုက်လာတာ ငါးလကျော်လာပြီး ဒီစကားကို အခုမှ လာမေးရသလားဟဲ့...။ ဂုတ်ဆိုတာက အင်္ဂလိပ်လို "ဂွတ်"ကို ပြောတာ...။ မိတာတွေမှာ အိမ်မြှောင်ရှိတယ်မဟုတ်လား။ ဒီအိမ်မြှောင်က 'ဂွတ်'အကွက်မှာ ပြနေတယ်လို့ အော်တာကွ။ အဓိပ္ပာယ်က မင်းတို့ အခုလုပ်သွားတာ အားကြီးကောင်းတာဗျို့...လို့ ကောင်းချီးပေးလိုက်တဲ့ ရုပ်ရှင်ဘန်းစကားကွ..."ဟု ကိုလင်းမြွေက ရှင်းပြလိုက်မှ တင်လှသွေးလည်း အဓိပ္ပာယ် ရှင်းသွားလျက် ကလေးကို မေးကလေးတစ်ချက်ထိုးလိုက်ရင်း "ဩော်..ဒီလိုကိုး..."ဟု ခေါင်းဆတ်၍ နေလေ၏။

ထိုနောက် ဆက်လက်ရိုက်ကူးရမည့် နောက်ဆုံးပိတ်အခန်းအတွက် ကိုလင်းမြွေက စတင် ရှင်းပြလေသည်။ သူသည် ကိုကောင်းဇံကိုပါ အနီးသို့ ခေါ်ယူပြီး...

"အခုအခန်းက ခုနက အခန်းထက် အရေးကြီးတယ်နော်..."ဟု နိဒါန်း ပျိုးလိုက်လေသည်။

"ဟုတ်ကဲ့..."ဟု နှစ်ယောက်စလုံးက သံပြိုင်ထောက်လိုက်မှ ကိုလင်းမြွေက ဆက်လက်၍...

"မိတင် ဆိုဖာပေါ်မှာ မှောက်ပြီး ငိုနေတုန်း ကိုကောင်းဇံက အခန်းထဲဝင်လိုက်လာ...၊ အဝကနေ လှမ်းကြည့်...၊ ချီတုံချတုံဖြစ်နေ၊ နောက်ဆုံးဘာပဲဖြစ်ဖြစ် မထူးတော့ဘူးဆိုတဲ့ အမူအရာနဲ့ ဆိုဖာနားရောက်အောင် လျှောက်လာ အဲဒါကို 'ပင်'နဲ့ ဆွဲယူမယ်...။ ဆိုဖာနားရောက်တော့ မိတင်ရဲ့ လက်တစ်ဖက်ကို သွားကိုင်းရင်း ထိုင်ချ...။ ပါးစပ်က "လဲ့လဲ့–လဲ့လဲ့" လို့ ခေါ် ဆရာကို စိတ်ဆိုးသွားသလားမေး။ အဲဒီလိုလည်းမေးရော မိတင်က ဖြုန်းခနဲခုန်ထ။ ရှက်လည်းရှက်၊ စိတ်လည်းဆိုး၊ မုန်းကလည်းမုန်းနေတဲ့ မျက်နှာထားနဲ့ "ဟင်–ဒါဘာလဲ။ ဘာသဘောလဲ၊ ဒါဆရာလား။ ကိုယ့်တပည့်ကို ကိုယ်ဒီလိုပဲ ယုတ်ယုတ်ကန်းကန်း စော်ကားရသလား...။ ဒါလောက်ယုတ်ကန်းချင်တဲ့ဆရာ ယုတ်ကန်းဦး...ယုတ်ကန်းဦး"လို့ ရန်တွေ့ပြီး ကိုကောင်းဇံရဲ့ပါးကို နှစ်ချက်တိတိ တအားလွှဲပြီး အားရပါးရရိုက်ရမယ်။ ဒီနေရာမှာ တကယ့်ကို ရိုက်ရမှာနော်။ ဟန်ဆောင်ပြီး ရိုက်လို့မရဘူး... သိလား။ တကယ့်ကို သဘာဝကျအောင် ဒေါသထွက်ထွက်နဲ့ အားရ

mgyoe.com


ပါးရကြီး ရိုက်ပြရမှာ...ဒီနေရာမှာ မင်းအသားယူရမှာပဲ..."

အခက်မှာ ဤနေရာတွင် စတင်၍ လာပါတော့သည်။ တင်လှသွေးက ကိုကောင်းဇံ၏ပါးကို မည်သည့်နည်းနှင့်မျှ တကယ်ရိုက်ပြဖို့ မဖြစ်နိုင်ဟု ခါးခါးသီးသီးကြီး ငြင်းတော့သည်။ ကိုကောင်းဇံမှာ မိမိ၏ ဆရာလည်းဖြစ်၊ မိမိထက်လည်း အသက်ကြီးသည်။ သို့ဖြစ်၍ ငရဲကြီးမည်ကို အလွန်ကြောက်လှသလို လက်ကလည်း တတယ်မဆိုထားဘိ ဟန်လုပ်၍ပင် ရိုက်ပြဖို့ မဝံ့ရဲပါ...ဟု အသံတုန်တုန်နှင့် ငြင်းရှာတော့သည်။ ကိုကောင်းဇံက "ရိုက်သာရိုက်ပါ တင်တင်ရဲ့...ငါခွင့်လွှတ်ပါတယ်။ သဏ္ဍာန်လုပ်သရုပ်နဲ့တူအောင် လုပ်ရတာပဲဟာ...ဘယ်မှာ ငရဲကြီးပါ့မလဲ...။ စေတနာပါတာမှ မဟုတ်ဘဲ"ဟု အားပေးတိုက်တွန်းသော်လည်း တင်လှသွေးက ခေါင်းကိုသာ တွင်တွင်ခါတော့သည်။ တခြားနည်းမရှိတော့ဘူးလားဟူ၍လည်း မေးရှာသည်။ ဗုဒ္ဓဘာသာအယူ, အသည်းနှလုံးထဲတွင် စွဲနေသူဖြစ်သဖြင့် တကယ်ပင် ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေရှာခြင်း ဖြစ်သည်။

ဤတွင် ကိုလင်းမြွေ ပါးပြင်းထောင်လာတော့၏။ အမျိုးမျိုးနားချ၍ ဖျောင်းဖျသော်လည်း တင်လှသွေးခေါင်းခါနေသောအခါ၌ လူပုစိတ်တိုတို့၏ အလေ့အတိုင်း ရိုက်မောင်း ပုတ်မောင်းဖြစ်လာသည်အထိ ဒေါသအိုးလျှံတက်ဆူဝေလာတော့သည်။

"ဒီတစ်ခါ ငါစိတ်ဆိုးတာ တကယ်ဆိုးတာသိလား။ ဟိုတုန်းကတော့ ဟန်ဆောင်ပြီး ဆိုးခဲ့တာ။ အခု–တယ်လေ..."

အချိန်မှာ တဖြည်းဖြည်း ညနေစောင်းလာရာ ဤနေ့တွင်မှာ ဤအခန်းကို အပြီးမသတ်နိုင်ပါက ရုံရက်ချိန်းပြီးသားကိစ္စအတွက် အထစ်ထစ်အငေါ့ငေါ့ဖြစ်ရတော့မည်ကို ကိုလင်းမြွေ သတိရလာပြန်သည်။ သူ့မျက်နှာကား ဆေးနီရေ လောင်းသကဲ့သို့ ရဲရဲတောက် နီမြန်းလာလေတော့၏။

ဤနေရာတွင် ကိုကောင်းဇံဝင်လေသည်။ သူသည် ကိုလင်းမြွေအားမျက်ရိပ်ပြလျက် တင်လှသွေးရှိရာသို့ လျှောက်၍သွားလေ၏။ တင်လှသွေးကား မျက်ရည် တကယ်ထွက်ရင်း ခေါင်းကိုသာ တွင်တွင်ခါလျက် သနားစဖွယ် ခယတောင်းပန်လျက်သာ ရှိနေပြန်သည်။ ကိုကောင်းဇံက တင်လှသွေးအနီးတွင် ရပ်လိုက်ရင်း...

mgyoe.com

mgyoe.com

"ငါကိုယ်တိုင်က ရိုက်သာရိုက်ပါလို့ ခွင့်ပြုနေရက်သားနဲ့ မင်းက မရိုက်ဘူးလုပ်နေတော့ အကျပ်သားပဲကွာ.. ငါ နောက်ဆုံး မေးပါရစေ... မင်း တကယ်မရိုက်ရဲလို့ ငြင်းနေတာလား..."

"တကယ်ကို မရိုက်ရဲလို့ ငြင်းနေတာပေါ့ဆရာ။ ရိုက်ရဲမှ ဘာလို့ ဒါလောက် ခေါင်းခါနေပါ့မလဲ..."

တင်လှသွေးသည် အီး...ခနဲ တစ်ချက်ရှိုက်လိုက်သည်။

ကိုကောင်းဖံသည် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေသကဲ့သို့ ခေါင်းကြီးငုံ့လျက် အတန်ကြာတွေနေပြီးမှ တင်လှသွေးနှင့်အတူ ဆိုဖာပေါ်၌ယှဉ်၍ ထိုင်ချလိုက်သည်။ ထိုနောက် ဓာတ်ပုံဆရာဖက်သို့ လှမ်း၍...

"အခုနေ ကျုပ်တို့ ဘယ်လောက်အထိပါသလဲဗျို့၊ ကြည့်စမ်းပါဦး..." ဟု မေးလိုက်လေသည်။ ကင်မရာကား ဆိုဖာ၏ နောက်ဖက်မှ ချိန်၍ထားရာ ကင်မရာထဲ၌ တင်လှသွေး၏ခေါင်းနှင့် ကိုကောင်းဖံ၏ ပခုံးစွန်းအထိသာ ပေါ်နေလျက် အောက်ပိုင်းများ ဆိုဖာ၏ တစ်ဖက်တွင် ကွယ်နေသည်ကို တွေ့ရသည်။ ဓာတ်ပုံဆရာ၏အဖြေကို ရသောအခါ ကိုကောင်းဖံက...

"ကဲ...တင်တင်...ငါက ဒီနေရာကို လျှောက်လာပြီး မင့်ဘေးမှာ ဝင်ထိုင်မယ်။ ပြီးတော့ မင့်လက်တစ်ဖက်ကို ဆွဲမယ်။ ဒီအခါမှာ မင်းကမှောက်ပြီး ငိုနေရာက ဝုန်း...ခနဲထပြီး ငါ့ကို ကက်ကက်လန်အောင်ရန်တွေ့ပါးကိုမရိုက်ချင်နေတော့၊ နောက်မှ တစ်မျိုးကြည့်လုပ်မယ်..."ဟု ပြောလေ၏။

ထိုအခါ တင်လှသွေးသည် ကိုကောင်းဖံကို မျက်လုံးအပြူးသားနှင့် ငိုင်၍ ကြည့်နေလေသည်။ ကိုကောင်းဖံကား ဒါရိုက်တာ ကိုလင်းမြွေဖက်သို့ လှည့်၍ တစ်ချက်ကြည့်လိုက်ရင်း ခေါင်းကိုအသာညိတ်၍ပြနေ၏။ ထို့နောက် သူသည် တင်လှသွေးနှင့် အစမ်းကျင့်၍ ကြည့်သည်။ သူကျေနပ်သောအခါ ကိုလင်းမြွေ အမိန့်မပေးရမီ သူက ဓာတ်ပုံဆရာများကို အမိန့်ပေးလျက် အသင့်ပြင်ခိုင်းလိုက်သည်။

"အားလုံးအသင့်ပါ..."

ကင်မရာရှေ့သို့ လူတစ်ယောက် ဂဏန်းများရေးထားသော သစ်သားဂျပ်ပြားကြီးတစ်ခုကို ကိုင်၍ ထွက်လာပြီး ကင်မရာဘက်သို့ မြှောက်ပြလျက်

mgyoe.com

mgyoe.com
ငြိမ်၍ စောင့်နေ၏။ မီးအားလုံး ညီသည်နှင့်တစ်ပြိုင်နက် ဓာတ်ပုံဆရာက ကင်မရာခလုတ်ကို နှိပ်လိုက်ရာ ဂျပ်ပြားဆရာက "ဆိင်း–ဖော်တီသရီး တိတ်(စ်)တူး..."ဟု အော်၍ဟစ်လိုက်ပြီး ဂျပ်ပြားကြီးကို ဗျန်းခနဲရိုက်လျက် နောက်သို့ ခုန်၍ ဆုတ်ပြေးကွယ်ပျောက်သွားလေပြီ။

ကင်မရာ စ၍ ရိုက်ကူးနေလေပြီ။

ကိုကောင်းဇံသည် အခန်း၀၌ ငြိမ်သက်စွာရပ်လျက်ရှိရာမှ တစ်စုံတစ်ရာကို ဆုံးဖြတ်သကဲ့သို့ ဆိုဖာရှိရာသို့ တန်းတန်းမတ်မတ်ကြီး လျှောက်လာနေလေသည်။

ဒါရိုက်တာ ကိုလင်းမြွေကား ကင်မရာဘေးမှ ရပ်လျက် အဓိပ္ပာယ်ကို လုံး၀ နားမလည်သကဲ့သို့ လှုပ်ရှားနေသော ပြကွင်းကိုသာ အကြောင်သားငေး၍ ကြည့်နေလေသည်။

ကိုကောင်းဇံကား ၀ါရင့်မင်းသားကြီးပီပီ အမူအရာပါလွန်းလှသည်။ သူသည် ကြောက်ဆုတ်ကြောက်ဆုတ် အမူအရာဖြင့် ဆိုဖာပေါ်သို့ မရဲတရဲ ထိုင်ချနေသည်။ ထို့နောက် သူ့နှုတ်ဖျားမှ "လွဲ့လွဲ့၊ လွဲ့လွဲ့...ဆရာ့ကို စိတ်ဆိုးသွားသလား..."ဟူသောအသံများ တုန်တုန်ရီရီနှင့် ထွက်ပေါ်လာနေ၏။

ထိုအချိန်အသိ ဘင်လှသွေးမှာ ဆိုဖာပေါ်တွင် မှောက်လျက် တရှိုက်ရှိုက်ငိုကြွေးလျက် ရှိနေသည်ဖြစ်ရာ ကင်မရာဘက်မှ ကြည့်လျှင် ဆိုဖာနောက်တန်းကြီးတစ်ခုလုံးက သူ့တစ်ကိုယ်လုံးကို ကွယ်ထားသဖြင့် တင်လှသွေးကို မမြင်ရဘဲရှိနေ၏။ သူ၏ရှိုက်သံသည်သာ သနားစဖွယ်ထွက်ပေါ်လျက်ရှိလေသည်။

ကိုကောင်းဇံ၏နှုတ်မှ "လွဲ့လွဲ့...လွဲ့လွဲ့.."ဟူသောအသံများ ထပ်ဆင့်ထွက်ပေါ်လာပြန်၏။ "ဆရာ့စိတ်ရိုင်းတွေကို မထိန်းနိုင်တော့ဘူး လွဲ့လွဲ့။ ဆရာစိတ်တွေ ဖောက်ပြားကုန်ပြီ...။

ထိုခဏ၌ ဂုန်း...ခနဲထရပ်လိုက်သော တင်လှသွေး၏ ကိုယ်လုံးကြီး ကင်မရာရှေ့၌ ဘွား...ခနဲပေါ်လာသည်။ သူ့အမူအရာမှာ သဘာ၀ကျလွန်းနေ၏။ တစ်မျက်နှာလုံးမှာ သွေးရောင်ဖြင့် တွတ်တွတ်ရဲနေလျက် နှုတ်ခမ်းကလေးများမှာ ဒေါသအဟုန်ကြောင့် နီရာမှ ဖွေးဖွေး ဖြူလျက်ရှိနေသည်။
mgyoe.com

mgyoe.com


"ခွေး...ခွေး...ခွေးကြီး...ဒါဆရာလားဟင်...ဒါဆရာတဲ့လား...နင်ဆရာမဟုတ်ဘူး။ ခွေး...ခွေး...လူမဟုတ်ဘူး...ခွေး...။ ဒါလောက်ယုတ်ကန်း ရသလားဟင်...။ ကိုယ့်ကို ဆရာသမားအဖြစ်နဲ့ ကြည်ညိုလေးစားနေတဲ့ တပည့်ကို အခုလိုစော်ကားယုတ်ကန်းချင်တဲ့ ခွေးကြီး...ယုတ်ကန်းဦး...ယုတ်ကန်းဦး..."

တင်လှသွေး၏ ညာဖက်လက်သည် ဘေးသို့ကား၍ ထွက်လာပြီးနောက် ရှိသမျှအားကိုဖြစ်ညှစ်သွန်ထုတ်လျက်၊ ကိုကောင်းဖံ၏ လက်ဝဲဖက်ပါးပေါ်သို့ နှစ်ချက်တိတိ ဆက်တိုက်ကျရောက်သွား၏။ နှစ်ချက်စလုံးပင်ခြောက်လုံးပြူးပစ်သံများလားဟု ထင်မှတ်ရလောက်အောင် စူးရှကျယ်လောင်လှစွာ မြည်ဟည်းထွက်ပေါ်လာလေသည်။ ထိုနောက် "အီ"ခနဲရှိုက်၍ချလိုက်သော တင်လှသွေး၏ ငိုသံကြီး ဆက်၍ထွက်ပေါ်လာ၏။ တင်လှသွေးသည် သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်လျက် ရှိုက်ကြီးတငင် ငိုကြွေးရင်း၊ အခန်းထဲမှ တစ်အားပြေးထွက်သွားသည်ကို မြင်လိုက်ရပြီးနောက် အခန်းထဲ၌ ကိုကောင်းဖံ တစ်ယောက်သည်သာ သူ့ပါးပြင်ကို လက်ဝါးနှင့်အသာထိရင်း ကျောက်ရုပ်လို မလှုပ်မယှက်ငိုင်၍ ကျန်ရစ်ခဲ့သည့် အခဆုံး၌...

"ကတ်..."ဟူသော ကိုလင်းမြွေ၏အသံနှင့်အတူ...

"ဂုတ်ပေါ်မှာ ပြတယ်ဆရာရေ့..."ဟူသော ရွှင်လန်းအားရလှသည့်အသံတစ်သံလည်း ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာတော့သည်။

× × ×

"အဲဒါ ကျွန်တော့်ကိုယ်စား ဆရာပဲ တင်တင့်ကို လိုက်ပြီးရှင်းပြတောင်းပန်ပေးပါတော့ဆရာ...။ ကျွန်တော် ဒီလိုလုပ်မိတာဟာ တမင်လော်မာချင်လို့ မဟုတ်ဘူးဆိုတဲ့အကြောင်း..."

၁၂–မိနစ်ခန့်အကြာ၌ ကိုကောင်းဖံသည် တံခါးအလုံပိတ်ထားသောသူ၏အလုပ်ပြင်ခန်းကလေးထဲ၌ ဒါရိုက်တာကိုလင်းမြွေအားကပ်၍ တီးတိုးတောင်းပန် တိုးလျှိုးနေသည်ကို တွေ့ရသည်။

ကိုလင်းမြွေ၏ မျက်နှာကား ထီပေါက်သူတစ်ယောက်၏ မျက်နှာမျိုးအတိုင်း ဝင်းဝင်းတောက် ရွှင်မြူးလျက်ရှိ၏။ သူသည် ကိုကောင်းဖံ၏ညာဖက်လက်ကို တစ်အားဖြစ်ညှစ်ဆုပ်ကိုင် မွှေ့ယမ်းရင်း။

mgyoe.com

mgyoe.com

"ကျုပ်…နည်းနည်းတော့ အရိပ်မိလိုက်သား ကိုကောင်းဇံ…ခင်ဗျား ကျုပ်ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး ဓာတ်ပုံဆရာကို ခင်ဗျားတို့ နှစ်ယောက် ဘယ်နေရာလောက်အထိပါသလဲဆိုတာ လှမ်းမေးနေကတည်းက ကျုပ်စိတ်မှာ နွေးခနဲဖြစ်သွားမိတယ်။ တင်တင်ဟာ ဘယ်နည်းနဲ့မှ ခင်ဗျားရဲ့ပါးကို အခုလောက် အလကား မရိုက်ရက်ဘူးဆိုတာလည်း သေချာရော ခင်ဗျားလည်း ဒီအကြံကို စိတ်ကူးလိုက်တာပဲ မဟုတ်လား။ ဆိုဖာနောက်ဖက်မှ ကွယ်နေတဲ့ ခင်ဗျားရဲ့ညာဖက်လက်က မှောက်နေတဲ့ တင်တင် ဘယ်နေရာ၊ ဘယ်ဌာနကို ဘယ်လိုသွားပြီး ဘယ်လို လုပ်လိုက်တယ်ဆိုတာ ကျုပ်ကို ပြန်ပြောမနေနဲ့တော့…ခင်ဗျားကို ကျုပ် အခုလည်း မမေးဘူး။ နောင်လည်း ဘယ်တော့မှ မေးမှာမဟုတ်ဘူး။ ဒီအခန်းဟာ ကျုပ်လိုချင်တာထက် ပိုပြီးသဘာဝကျသွားတာကိုပဲ ကျုပ်ဖြင့် အားရလို့မဆုံးဘူး။ ခင်ဗျားအပေါ် တင်တင်အထင်မလွဲစေရပါဘူး။ အခုလောက်ရှိရင် ဘာသဘောလဲဆိုတာ သူလည်း စဉ်းစားမိရော့ပေါ့။ ကျုပ် လည်း သေသေချာချာသွားပြီး ရှင်းပြပြောပြဦးမယ်။ ကျေးဇူးတင်တယ် ကိုကောင်းဇံ…။ ခင်ဗျားဟာ ဒီနေရာမှာ ကျုပ်ထက် ဖြတ်ထိုးဉာဏ်သာ သွားတယ်။ ဒါပေမဲ့ နေရာတကာမှာတော့…ဒီနည်းမျိုးမသုံးသင့်ဘူး ထင်တယ်နော်…"

ကိုကောင်းဇံကား လုံးဝမပြုံးနိုင်ရှာ။ သူ့လက်ဝဲဖက်ပါးပေါ်၌ ဖူးဖူးယောင်၍ထလာနေသော လက်ဝါးကြီးနှစ်ခုကိုသာ လက်ကိုင်ပဝါဖြင့် ကြပ်ပူထိုးလျက်ရှိနေရှာ၏။

ထိုခဏ၌ အလုပ်ပြီးစီးသွားသဖြင့် အသံဖမ်းဓာတ်ခွက်များ၊ ကင်မရာများနှင့် မီးချောင်းကြီးများကို သယ်ယူသိမ်းဆည်းကြသော အလုပ်သမားများ၏ဆီမှ ထွက်ပေါ်လာသော အသံတစ်သံကား…

"ဂုတ်ပေါ်မှာ ပြတယ်ဆရာရေ့…"ဟူသတတ်။ ။

ပေဖူးလွှာမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# စံရှားဘထူး

ဇိုလ်ဗကို

သိရိမာလာ ဦးဘထူး (K. T., F. M. S. R. C, F. R. G. S, etc, etc.)

သိရိမာလာ ဆိုင်းတန်းရပ်၊
ရတနာပုံ မန်းရွှေမြို့တော်။
၁–၁၂–၅၇

ဟော့ သူငယ်ချင်း၊

မင်းပေးလိုက်တဲ့ စာကို လွန်ခဲ့တဲ့ ၃ လက ငါရတယ်။ ဒါပေမဲ့ ပျင်းတာက တစ်ကြောင်း ငါသူများလို အလုပ်များလို့ စာမပြန်လေနိုင်ဟန် ဆောင်ချင်တာကတစ်ကြောင်း အေး...အကြောင်း ကြောင်းကြောင့် ဆိုပါတော့ကွာ...။ ဟဲ... ခုမှ စာပြန်လိုက်တယ်။

ငါ့ရှေ့က ငါ့နောက်က တစ်သီကြီးတပ်ထားတဲ့ ဘွဲ့တွေ ပလုံးတွေ မြင်ရတော့ မင့်လို ဇေယျကျော်ထင် ဝဏ္ဏကျော်ထင် နှစ်ထပ်ကွမ်းရထားတဲ့ သူငယ်ချင်းတစ်ယောက်က မနာလိုများ ဖြစ်နေမလား...မသိဘူး။ ဒါတင် မကသေးဘူးကွ...၊ ငါ့နောက်ကတပ်ထားတဲ့ ဘွဲ့တွေ ပလုံးတွေကိုလည်း ရှုစမ်းပါဦး...။ မင်း...တစ်ခါ တစ်ခါ သောက်ရူးထတုန်းက (သူများလဲည်း မင်းလိုပါပဲကွာ) နောက်က တပ်လေ့ရှိတဲ့ မဟာဝိဇ္ဇာ M. A)(Yale) ဝိဇ္ဇာ

mgyoe.com